ကြေးမုံ

The Mirror

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ တနင်္ဂနွေနေ့ (19-6-2011) (၆၇၉၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ကဏ္ဍစုံမှ အားထုတ်ကြိုးပမ်းလျက်ရှိ “မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့” ဆိုသည့် ရည်မှန်းချက်ဖြင့် အားကစားကဏ္ဍကို စနစ်တကျ အစီအမံများချမှတ် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ရိုးသားကြိုးစားယှဉ်ပြိုင်အနိုင်ယူ အောင်နိုင်မှုရလဒ်ကောင်းများဖြင့် ဖော်ထုတ်ပြသ

နေပြည်တော် ဇွန် ၁၈

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်မှုရရှိရေးအတွက် မြန်မာ့အားကစား အောင်နိုင်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားပြီး အလှူငွေများကို လက်ခံသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်မှုရရှိရေး အတွက် မြန်မာ့အားကစား အောင်နိုင်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့အားကစားသမား အဖွဲ့များအနေဖြင့် အခုလာမည့် နိုဝင်ဘာလ ၁၁ ရက်မှ ၂၂ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စခန်းသွင်းပြီး အပြင်းအထန် လေ့ကျင့်နေကြသကဲ့သို့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံ နေပြည်တော်၌ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်သည့်အခါတွင် ပါဝင်ယှဉ်ပြိုင်ပြီး ဆုတံဆိပ်အများဆုံး ဆွတ်ခူးနိုင်ရန် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ပဏာမလက်ရွေးစင်အားကစားသမားများ ရွေးချယ်ပြီး စတင်စခန်းသွင်း လေ့ကျင့်မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရကြောင်း။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသမိုင်းကို ပြန်ကြည့်မည်ဆိုလျှင် ယင်းပြိုင်ပွဲကို ၁၉၅၉ ခုနှစ်ကစ၍ နှစ်နှစ်တစ်ကြိမ်ကျင်းပလာခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် ၁၉၆၁ ခုနှစ်တွင်တစ်ကြိမ်၊ ၁၉၆၉ ခုနှစ်တွင် တစ်ကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကြောင်း၊ အကြောင်းအမျိုးမျိုး၊ အခြေအနေအမျိုးမျိုးတို့ကြောင့် နှစ်(၄၀)ကျော်ကြာပြီးမှ ယခု တတိယအကြိမ် အိမ်ရှင်အဖြစ် ထပ်မံ လက်ခံကျင်းပသွားရမည်ဖြစ်ကြောင်း။

ရည်မှန်းချက်ထား

မိမိတို့နိုင်ငံ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၁၉၆၁ ခုနှစ် အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲတွင် ဆုတံဆိပ်ပေါင်း ၁၀၄ ခုဖြင့် ပထမရခဲ့ကြောင်း၊ ထို့အတူ ၁၉၆၉ ခုနှစ်ပြိုင်ပွဲတွင်လည်း ဆုတံဆိပ်ပေါင်း ၁၄၉ ခုဖြင့် ပထမဆု ထပ်မံရရှိထားသဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပတိုင်း ပထမအဆင့်ဖြင့် ဆွတ်ခူးအောင်မြင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယခု တတိယအကြိမ် အိမ်ရှင်အဖြစ်လက်ခံကျင်းပရာတွင်လည်း ပထမဆုကို ရည်မှန်းချက်ထားပြီး ပြင်ဆင်လေ့ကျင့်သွားရန် လိုကြောင်း၊ သို့ရာတွင် လွန်ခဲ့သည့်နှစ်(၄၀) ကျော်ကာလ အခြေအနေနှင့် ယခုအခြေအနေ မတူညီကြသည်ကို အားလုံးသတိထားဖို့လိုကြောင်း၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

မြားမှုံ The Mirror
၁၉ - ၆ - ၂၀၁၁
(တနင်္ဂနွေနေ့)

မြွေကိုက်ခံရမှု စနစ်တကျရှေးဦးပြုစု

မုတ်သုံလေအားကောင်းနေသည်။ မိုးဦးမိုးရွာသွန်းမှု နေရာအနှံ့အပြားတွင် ရွာနေပြီ။ တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင် ဝင်နေကြပြီ။ မိုးစပါးများ သတ်မှတ်လျာထားချက်နှင့်အညီ စိုက်ပျိုးရေး၊ စျေးကွက်ရှိသော သီးနှံများတိုးတက်ထွက်ရှိထုတ်လုပ်နိုင်ရေး အားသွန်ကြိုးပမ်း လုပ်ကိုင်ကြရမည့် အချိန်ဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ ရေကြီးရေနက်ကွင်းများ ဖော်ထုတ်စိုက်ပျိုးနိုင်ရေး ဆည်တမံ ရေထိန်းတံခါးပေါင်းနှစ်ရာကျော် တည်ဆောက်ပေးထားရာ သီးနှံစိုက်ပျိုးမြေဧရိယာများ တိုးချဲ့စိုက်ပျိုးနေကြပြီဖြစ်သည်။ နိုင်ငံတော်က သီးနှံစိုက်ပျိုးထုတ်လုပ်မှုသွင်းအားစု လိုအပ်ချက်များ ဖြည့်ဆည်းပေးနေသည်။ သိပ္ပံနည်းကျ စိုက်နည်းစနစ်များ လိုက်နာကျင့်သုံးခြင်းဖြင့် သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးကူညီလျက်ရှိသည်။

ယင်းသို့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အားသွန်ခွန်စိုက် လုပ်ကိုင်နေကြချိန်တွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး သတိပြုကြရန် လိုအပ်သည်။ လယ်ယာလုပ်ငန်းခွင်တွင် မကြာခဏ မြွေကိုက်ခံရခြင်းများ ကြုံတွေ့ကြရသဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ နှိုးဆော်ချက်များကို ဂရုပြုလိုက်နာကြရမည်ဖြစ်သည်။ မတော်တဆ မြွေကိုက်ခံရပါက ဒဏ်ရာကို သန့်ရှင်းသောအဝတ်ဖြင့် ခပ်ဖွဖွသုတ်ခြင်း၊ ရေအလွယ်တကူရနိုင်လျှင် ရေဖြင့် ဆေးခြင်းတို့ကို ဦးစွာပြုလုပ်ရပေမည်။

လက်ဖမိုး၊ လက်ချောင်း၊ ခြေချောင်းများတွင် မြွေကိုက်ခံရပါက အလျားသုံးလက်မ၊ အနံသုံးလက်မ၊ အထူတစ်လက်မခွဲအရွယ် အဝတ်ခေါက်ထူထူ သို့မဟုတ် ပတ်တီးခေါက်ကို ဒဏ်ရာပေါ်တင်၍ အားကစားပတ်တီးကို မြဲရုံ တင်းရုံ စည်းရပေမည်။ ဒဏ်ရာကိုပတ်တီးစည်းပြီးက ဝါးခြမ်း သို့မဟုတ် တုတ်ချောင်းရှည်ဖြင့် မြွေကိုက်ခံရသောခြေ သို့မဟုတ် လက်တစ်ချောင်းလုံးကို ကပ်၍ ကျပ်စည်းခြင်း၊ ခြေဆစ်နှင့် လက်ဆစ်၏အထက်နှင့် အောက်တို့တွင် ကြိုး၊ ပတ်တီး ရရာဖြင့် ချည်နှောင်ထားရန် လိုအပ်သည်။ ယင်းနောက်လူနာကို လှုပ်ရှားမှု လုံးဝမပြုလုပ်စေဘဲ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံး ပို့ဆောင်ပေးရမည်ဖြစ်သည်။

မြွေကိုက်ခံရသူ၏ဒဏ်ရာကို ဓားဖြင့်ခွဲခြင်း၊ မီးစဖြင့်ထိုးခြင်း၊ လူနာကို အရက်တိုက်ခြင်း၊ ဆေးလိမ်းခြင်း၊ နှိပ်ခြင်း၊ ပွတ်ခြင်းတို့သည် မလိုလားအပ်သော ထိခိုက်မှုများဖြစ်စေနိုင်သဖြင့် ရှောင်ကြဉ်ကြရပေမည်။ မြွေကိုက်ဒဏ်ရာ၏ အထက်ဘက်တွင် ကြိုးဖြင့်တင်းကျပ်စွာ ချည်နှောင်ခြင်းသည် ခြေလက်များပုပ်တတ်သည့်အပြင် ကြိုးဖြေလိုက်ပါက အဆိပ်ပျံ့နှံ့မှု လျင်မြန်စေသည်။ လှုပ်ရှားမှုကြောင့် အဆိပ် ပိုမိုလျင်မြန်စွာပျံ့နှံ့စေသဖြင့် လူနာကို လမ်းလျှောက် လှုပ်ရှားမှုမပြုရန် သတိထားကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် ဒေသခံတောင်သူလယ်သမားများအနေဖြင့် လယ်ယာလုပ်ငန်းခွင်ဝင်နေချိန်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ကျန်းမာရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်များနှင့်အညီ ဂရုပြုလုပ်ကိုင်လိုက်နာဆောင်ရွက်ကြခြင်းဖြင့် သီးနှံအထွက်တိုး နေထိုင်မှုဘဝဖွံ့ဖြိုး အကျိုးရလဒ်များ ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၁၃ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပနိုင်ရေးနှင့် မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးကူညီနိုင်မှုများ အမြင်ချင်းဖလှယ်

နေပြည်တော် ဇွန် ၁၈

မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသများ၌ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ယမန်နေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာ လာရောက်တွေ့ဆုံ ဆွေးနွေးခဲ့သည်။

ထို့အပြင် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မြန်မာ့အားကစားလောက ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက နည်းပညာများ၊ လေ့ကျင့်ရေးအားကစားသမားများ၊ နည်းပြများနှင့် IT ဆိုင်ရာ အကူအညီများ ပံ့ပိုးကူညီနိုင်မည့်အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးငွေအောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လီကျွင်းဟွာ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့တွင်းရှိ ၆၆ KV ဓာတ်အားခွဲရုံများ အမှတ်(၂)လျှပ်စစ် ဒုတိယဝန်ကြီး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၈

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးသည် ဇွန်၁၆ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ရှိ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ပစ္စည်းစီမံရေးဌာနခွဲ (ရန်ကုန်)သို့ ရောက်ရှိစစ်ဆေးပြီး သီတာခွဲရုံ၊ ပုသိမ်ညွန့်ခွဲရုံ၊ ကျိုက္ကဆံခွဲရုံ၊ ရန်ကုန်-အင်းစိန်လမ်းခွဲရုံ၊ ဆင်မလိုက်ခွဲရုံနှင့် ကမာရွတ်ခွဲရုံတို့၏ Switch Yard အတွင်းရှိ ထရန်စဖော်မာများ ကြံ့ခိုင်ကောင်းမွန်မှု၊ Control Panel ခန်းရှိ ဖီဒါများမှ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများဌာန၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)၊ စီမံကိန်းမန်နေဂျာရုံးတစ်ရုံး အဆောက်အအုံ တည်ဆောက်ပြီးစီးမှုနှင့် 66 KVအင်းစိန်ခွဲရုံသစ် တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း ဒိုက်ဦးမြို့နယ် ဒရယ်မီးကျေးရွာ ဘိုင်းနားဆည်ရေသောက်စနစ်တွင် ပျိုးပေါင်စနစ်ဖြင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ပညာပေးစိုက်ခင်း ၁၀ ဧကကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၁၈

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ဇွန် ၁၆ ရက်တွင် ဒိုက်ဦးမြို့နယ် ဒရယ်မီးကျေးရွာ ဘိုင်းနားဆည်ရေသောက်စနစ်၌ ပျိုးပေါင်စနစ်ဖြင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ပညာပေး စိုက်ခင်း ၁၀ ဧက လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်အား စနစ်တကျ စိုက်ပျိုးသွားကြရန်နှင့် စပါးများ ရည်မှန်းသည်ထက်ပိုမိုထွက်ရှိရန်တို့ကို မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် အေးသုခမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တိုးမြှင့်ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး အလှူရှင်များက အေးသုခ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၊ အေးသုခ အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၊ မအူတန်း အခြေခံပညာမူလတန်းကျောင်း၊စလူတော အခြေခံပညာမူလတန်းကျောင်းတို့မှ ဆရာ၊ဆရာမများအတွက် ကျောင်းဝတ်စုံများကို လှူဒါန်းသည်။

ထို့နောက် အေးသုခမြို့ရှိ ဒိုက်ဦး သဘာဝဇီဝမြေဩဇာစက်ရုံနှင့် ဒိုက်ဦး ကော်မှုန့်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိဘနှစ်ပါးအား ရည်စူး၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်နေ ဗိုလ်မှူးကြီး ခင်မောင်ဆန်း၊ ဒေါက်တာနီနီ၊ ညီမ ဒေါ်ဆွေဆွေဝင်း မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) ရှိ သံဃာဆေးကုသဆောင်သစ်ကြီး၌ အသုံးပြုရန် သံဃာတစ်ပါးစာ ခုတင်၊ မွေ့ရာ၊ ဗီရိုတစ်စုံအတွက် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။(ဇီဝိတဒါနသံဃာ့ဆေးရုံ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောဆွေးနွေး

ရန်ကုန် ဇွန် ၁၈

ရန်ကုန်တိုင်းဒေသကြီး ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၆) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူး ရွှေဝင်းနှင့်အဖွဲ့သည် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးလှသောင်းမြင့်၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ရွာသာကြီး)မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးတို့နှင့်အတူ ဇွန် ၁၆ ရက် မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် စီးပွားရေးတက္ကသိုလ်(ရန်ကုန်)ရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ကျောင်းသူ ၆၅၀ တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများ အသိပညာပေးဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၈-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၅၂၀၀	၀. ၀၃၂၇၇
တရုတ် (ယွမ်)	၆. ၄၇၀၀၀	၀. ၁၅၄၅၆
အိန္ဒိယ (ရူပီး)	၄၄. ၇၉၅၀	၀. ၀၂၂၃၂
မလေးရှား (ရင်းဂစ်)	၃. ၀၃၅၅၀	၀. ၃၂၉၄၄
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၃၈၅	၀. ၈၁၀၄၇
ဂျပန် (ယန်း)	၈၀. ၀၄၅၀	၀. ၀၁၂၄၅
တောင်ကိုရီးယား(ဝမ်)	၁၀၈၇. ၀၀	၀. ၀၀၀၉၂
ယူရို	၀. ၆၉၈၈၅	၁. ၄၃၀၉၂
ဗြိတိသျှ (ပေါင်)	၀. ၆၁၇၅၉	၁. ၆၁၉၂၀

အင်တာနက်။

အတည်ပြုချိန် ၁၂း၂၀

တောင်သူများ လူနေမှုဘဝတိုးတက်စေရေး မျိုးကောင်းမျိုးသန့် ပြောင်းလဲအသုံးပြု သဘာဝမြေဩဇာများနှင့် ပိုးမွှားရောဂါကာကွယ်ဆေးများ အချိန်ကိုက်မှန်ကန်စွာ သုံးစွဲ

နေပြည်တော် ဇွန် ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ကရင်ပြည်နယ် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးစောဝင်းထိန်ခေါင်းဆောင်သော ကရင်ပြည်နယ် ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဖာပွန်မြို့နယ်နှင့် ကော့ကရိတ်မြို့နယ်များမှ တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင် ၅၀ တို့အား ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးပေါင်းစည်းလယ်ယာစနစ် ဧက ၃၀ စိုက်ကွင်း ရှင်းလင်းဆောင်၌ ကြိုဆိုနှုတ်ဆက်စကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူနေမှုဘဝ တိုးတက်စေရေးအတွက် အဓိကသော့ချက်(၅)ချက်ဖြစ်သည့် အထူးအထွက်တိုး မျိုးကောင်းမျိုးသန့်များ ပြောင်းလဲအသုံးပြုရန်၊ ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (Good Agriculture Practices)ကို အသုံးပြုရန်၊ သွင်းအားစု၊ စိုက်ပျိုးရေ အပါအဝင် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများနှင့် ပိုးမွှားရောဂါကာကွယ်ဆေးများကို အချိန်ကိုက် ထိရောက်မှန်ကန်စွာသုံးစွဲရန်၊ မျိုးစေ့ရွေးချယ်အသုံးပြု ပျိုးထောင်ချိန်မှ အစပြုပြီး ရိတ်သိမ်းချိန်အပါအဝင် ဈေးကွက်သို့ တင်ပို့ရောင်းချချိန်အထိ အလေအလွင့် ဆုံးရှုံးမှုနည်းအောင် ဆောင်ရွက်ရန်၊ ထွက်ရှိလာသည့် သီးနှံများကို အရည်အသွေး ပြည့်မီရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန် ကုန်ချောအဆင့်အထိ ထုတ်လုပ်ပြီး ဈေးကွက်သို့ ဈေးကောင်းရအောင် တွက်ခြေကိုက်သည့် ဈေးနှုန်းမြင့် ဈေးကွက်ခိုင်မာအောင် ဆောင်ရွက်ရန် နည်းလမ်းများကို လက်တွေ့ထိထိရောက်ရောက် ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် လေ့လာရေးအဖွဲ့ဝင်များသည် စိုက်ခင်းအတွင်း တစ်ဧက တန် ၅၀ အထက် ထွက်ရှိမည့် ကြံစိုက်ခင်းသို့ ရောက်ရှိရာ မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ကြံများ တစ်ဧကအထွက်နှုန်းတိုးတက်စေရန် သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးပုံကို ပြသရှင်းလင်းသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် စိုက်ခင်းအတွင်း နို့စားနွားမွေးမြူရေးနှင့် လယ်ယာသုံးစက်ကိရိယာများ ပြသထားမှုကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က တောင်သူလယ်သမားများ၏ စိုက်ပျိုးငွေ အရင်းအနှီးရရှိရေးအတွက် သမဝါယမဝန်ကြီးဌာနက ကူညီပံ့ပိုးဆောင်ရွက်ပေးမည့် အသေးစားငွေစု ငွေချေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဆန်စပါးသီးနှံအထွက်တိုးရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(၁၄)ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာနက ထုတ်လုပ်ခင်းကျင်းပြသထားသော ထွန်စက်များ၊ ကောက်စိုက်စက်၊ ရိတ်သိမ်းစက်နှင့် ခြွေလှေ့စက်များကို ကြည့်ရှုလေ့လာကြရာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စက်များ၏ စွမ်းရည်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တစ်ဧက တင်း ၅၀ ထွက်ရှိနိုင်သည့် ဆီထွက်နေကြာငါးဧကစိုက်ခင်းနှင့် တစ်ဧက တန် ၅၀ ထွက်ရှိမည့် တစ်ဆက်တစ်စပ်တည်း ကြံစိုက်ခင်းငါးဧကတို့ကို ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်း အထူးအထွက်တိုး တောင်သူပညာပေး စပါးစိုက်ခင်းကို လည်းကောင်း၊ သစ်တပ်ကုန်းကျေးရွာအနီး စိုက်ပျိုးရေးနှင့်မွေးမြူရေး ပေါင်းစည်းလယ်ယာ စိုက်ခင်း၌ စိုက်ပျိုးထားရှိသော ဝင်ငွေကောင်း နဂါးမောက်၊ သခွားမွှေး၊ ဖရဲစိုက်ခင်းများ၊ ရာသီသီးနှံစိုက်ခင်းများနှင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများကို လည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် နေပြည်တော်တပ်ကုန်းမြို့ရှိ စိုက်ပျိုးရေးသုတေသနခြံသို့ ရောက်ရှိပြီး အလားအလာကောင်းသော ပဲတီစိမ်းမျိုးများ အထွက်ယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် ပဲတီစိမ်း(၄)မျိုး မျိုးသန့်ပွားများသည့် စိုက်ခင်းကို လည်းကောင်း၊ စပ်မျိုးပြောင်းမျိုး ထုတ်လုပ်မှုစိုက်ခင်းနှင့် ရေဆင်းစပ်မျိုး ပြောင်း-၁၁ ၏ ဖြစ်ထွန်းအောင်မြင်မှုကို လည်းကောင်း၊ ရေဆင်းစပ်မျိုး နေကြာ-၁ မျိုးထုတ်လုပ်သည့် စိုက်ခင်း ၆၅ ဧက၌ နေကြာပင်များ၏ ဖြစ်ထွန်းအောင်မြင်နေမှုကို လည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ကရင်ပြည်နယ် လေ့လာရေးအဖွဲ့ဝင်များအား နေပြည်တော်ကောင်စီနယ်မြေအတွင်း ယခုလေ့လာတွေ့ရှိမှတ်သားခဲ့ရသည့် အချက်များကို မိမိတို့နယ်မြေဒေသကျေးရွာအသီးသီးသို့ ပြန်လည်ရောက်ရှိချိန်တွင် ဒေသ၏ အခြေအနေနှင့် ကိုက်ညီစွာ လက်တွေ့ပြန်လည် အသုံးချခြင်းအားဖြင့် ကျေးရွာအသီးသီး၏ စိုက်ပျိုးရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလုပ်ဆောင်သွားကြရန်နှင့် လိုအပ်သော မျိုးစေ့အပိုင်း၊ နည်းပညာများအပိုင်း အကူအညီများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အပြည့်အဝပံ့ပိုးကူညီပေးသွားရန် အသင့်ရှိကြောင်း၊ ကျေးလက်မှ မြို့နယ်၊ ပြည်နယ်၊ တစ်နိုင်ငံလုံးအထိ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် တက်ညီလက်ညီ လုပ်ဆောင်သွားကြရန် တိုက်တွန်းဆွေးနွေးပြောကြားခဲ့သည်။

(သတင်းစဉ်)

ရှင်းလင်းပြသ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကရင်ပြည်နယ်မှ လေ့လာရေးအဖွဲ့အား စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

ဇာတ်ကားသစ်ရုံမတင်၊ ပင်လယ်ထက်ကနေဝန်းနီဇာတ်ကား ဆက်လက်ပြသ

ပင်လယ်ထက်ကနေဝန်းနီဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

ရန်ကုန် ဇွန် ၁၈

ယခုတစ်ပတ်သောကြာနေ့တွင် မြန်မာရုပ်ရှင်ချစ်ပရိသတ်များအတွက် မြန်မာရုပ်ရှင်ဇာတ်ကားသစ် ရုံတင်ခြင်းမရှိခဲ့ဘဲ မကြာသေးမီက ရုံတင်ခဲ့သည့် မြန်မာရုပ်ရှင်ကားသစ် **ပင်လယ်ထက်ကနေဝန်းနီ**ဇာတ်ကားသာ ဆက်လက်ပြသနေသည်။ ဤဇာတ်ကားမှာ Studio 35 မှ ထုတ်လုပ်သော ဇာတ်ကားဖြစ်သည့်နည်းတူ Studio 35 မှ မြေတောင်မြှောက်ပေးခဲ့သည့် သရုပ်ဆောင်သစ်များနှင့် ပရိသတ်ကို မိတ်ဆက်ပေးသည့် ဇာတ်ကားဟုလည်း ဆိုနိုင်သည်။ ဒါရိုက်တာတစ်ဦးတည်းက တာဝန်ယူရိုက်ကူးခြင်း မဟုတ်ဘဲ နာမည်ကြီး ဒါရိုက်တာကြီးများဖြစ်ကြသည့် အကယ်ဒမီ ခင်မောင်ဦးနှင့် စိုးသိမ်းထွဋ်တို့က ဇာတ်လမ်း ဇာတ်ညွှန်း ဒါရိုက်တာ၊ အကယ်ဒမီများရှင် ဦးကြည်စိုးထွန်းက Art ဒါရိုက်တာနှင့် ထပ်ဆင့်အကယ်ဒမီ ပန်းချီစိုးမိုးက Director of Photography အဖြစ် ဘက်စုံထောင့်စုံမှ လစ်ဟာမှုမရှိဘဲ ဇာတ်ကားတစ်ခုလုံး ပီပြင်စွာ ဖြစ်ပေါ်လာစေရန် တာဝန်ယူရိုက်ကူးထားခြင်းဖြစ်ရာ တစ်မူထူးခြားသည့် ရသမြောက် မြန်မာဇာတ်ကားတစ်ကားအဖြစ် ရှုစားကြရမည် ဖြစ်သည်။

ဇာတ်လမ်း၏ အခြေခံ ကျောရိုးမှာလည်း ပင်လယ်ပျော်ရေလုပ်သားတို့၏ ဘဝကို အမှီပြုထားခြင်းဖြစ်ပေရာ ရောက်ဖူးတွေ့ဖူးရန် ခက်ခဲလှသည့် ပင်လယ်၏ သဘာဝအလှတရားများ၊ ခက်ခဲကြမ်းတမ်းစွာ ရှာဖွေစားသောက် အသက်မွေးကြရသည့် ပင်လယ်ပျော်တို့၏ဘဝတစေ့တစောင်းကို အကဲခတ်ကြည့်ရှုနိုင်ကြမည်ဖြစ်ပြီး သရုပ်ဆောင်အင်အားပြည့် ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။ ထပ်ဆင့်အကယ်ဒမီ လူမင်း၊ ဝေဠုကျော်၊ ကျော်ကျော် (Studio 35)၊ ဟန်လေး (Studio 35)၊ မင်းရဲဆက်နှင့် ဦးမောင်မောင်မြင့်တို့ ခေါင်းဆောင်ပါဝင်ကြပြီး သမ္မတ၊ သွင်၊ မင်္ဂလာ၊ မော်တင်ဂျန်းရှင်းနှင့် Top Royal ရုံတို့တွင် ပြသမည်ဖြစ်သည်။ မင်းမော်ကွန်းနှင့် ခန့်စည်သူတို့ ပါဝင်သော **ငါ့နှမလေးပွသွားပြီ** ဇာတ်ကားမှာ ဝဇီရာ၊ စံပြ၊ ရွှေမန်းနှင့် သီတာရုံတို့တွင် ပြသမည်ဖြစ်သည်။ ဒီဗွီဒီဇာတ်ကားကြည့်လိုသူ ပရိသတ်များအတွက်မူ ဘုရင့်နောင်နှင့် ဝဇီရာ-၂ ရုံ၌ **အချစ်+အချစ် အသစ်** ဒီဗွီဒီဇာတ်ကားနှင့် နဝဒေးနှင့် မဟာမြိုင်ရုံတို့တွင် ပြေတီဦး၊ အိန္ဒြာကျော်ဇင်နှင့် ပုလဲဝင်းတို့ပါဝင်သော **ချောကလက်အချစ်** ဒီဗွီဒီဇာတ်ကားများ ပြသမည်ဖြစ်သည်။ လာမည့် ဇူလိုင်လဆန်းပိုင်းတွင် ပုညခင်၏ဝတ္ထုကို ဒါရိုက်တာဝိုင်း ရိုက်ကူးသည့် **အာဒမ်ရယ် ဧဝရယ် ဒသရယ်** ဇာတ်ကား ရုံတင်ပြသမည်ဖြစ်ပြီး ဤဇာတ်ကားတွင် ပြေတီဦး၊ စိုင်းစိုင်းခမ်းလှိုင်နှင့် သက်မွန်မြင့်တို့ ခေါင်းဆောင်ပါဝင်ကြသည်။

ရုပ်ရှင်

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် စွန့်စားမှုအသားပေးဇာတ်ကား နှစ်သက်သူပရိသတ်များအတွက် နာမည်ကြီးသရုပ်ဆောင် VINDIESEL နှင့် နာမည်ကြီးသရုပ်ဆောင်များ ပါဝင်သည့် FAST FIVE ဇာတ်ကား ပြသမည်ဖြစ်သည်။

ရွှေဆောင်ရုံတွင်မူ ရှေးခေတ်ပင်လယ်ဓားပြဇာတ်လမ်းကြည့်လိုသည့် ပရိသတ်များအတွက် PIRATES Of THE CARIBBEAN ဇာတ်ကား ပြသမည်ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၉-၆-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဉပ္ပါတသန္တိပါဠိတော်
၇း၃၀	၂။	နံနက်ခင်းသတင်း
၇း၄၀	၃။	အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀	၄။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၅။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၅	၆။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၀	၇။	အဆိုပြိုင်ပွဲ
၈း၂၀	၈။	"ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်မွေးမိခင်"
၈း၄၀	၉။	International News
၈း၄၅	၁၀။	တေးဂီတအစီအစဉ်
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၀	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀	၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၅၂)**
၁၂း၃၀	၅။	Golf Magazine (TV)
၁း၀၀	၆။	**မြန်မာရုပ်ရှင် "ဗန်တိုလူလေးနှင့်သူဇာ" [ညွန့်ဝင်း(နှစ်ကိုယ်ခွဲ)၊ ဒေစီကျော်ဝင်း] (ဒါရိုက်တာ-မောင်လှမျိုး)**
၂း၄၅	၇။	မူပိုင်သွယ်သွယ်ဆိုကြမယ်
၂း၅၅	၈။	International News
၃း၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၂၀	၃။	"ဂီတမာလာတေးသံစုံ နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်"
၄း၃၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သတ္တဗေဒအထူးပြု)(သတ္တဗေဒ)
၄း၄၅	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၀	၆။	တေးဂီတအစီအစဉ်
၅း၀၅	၇။	"အောင်ပွဲမှသည်အောင်ပွဲဆီသို့"
၅း၂၅	၈။	ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀	၉။	ညနေခင်းသတင်း
၆း၁၅	၁၀။	မိုးလေဝသအခြေအနေ
၆း၂၀	၁၁။	**ကာတွန်းအစီအစဉ် "ကွမ်တမ်မင်း"(အပိုင်း-၂၃)**
၆း၄၀	၁၂။	တစ်မျက်နှာ၊ တစ်ကွက်စာ "ဆားခတ်ထားတဲ့ကော်ဖီ" (ပိုင်သိခ်၊ နိုဘယ်ကျော်ကျော်) [ဒါရိုက်တာ-မေတင်(MMG)]
၇း၀၀	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (အပိုင်း-၂၀)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ)(အပိုင်း-၂၄)**
	၁၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုပ်ထွေးဆန်းကြယ်" (အပိုင်း-၁၆)**
	၁၉။	အစီအစဉ်ပြီး၏။

ပေါင်ပျိုးစနစ် ပျိုးထောင်သရုပ်ပြ

ကွမ်းခြံကုန်း ဇွန် ၁၈

ရန်ကုန်တိုင်းဒေသကြီးတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တစ်ဧကမျိုးစေ့နှုန်းလျော့ကျရေး၊ အထွက်နှုန်း တိုးတက်ကောင်းမွန်ရေးနှင့် မျိုးကောင်း မျိုးသန့်များ ပြောင်းလဲသုံးစွဲရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာအုပ်စု ကွင်းအမှတ်(၃၇၁)ဦးပိုင်အမှတ်(၂၉၊ က၊၃) တောင်သူဦးမျိုးကျော်၏ လယ်မြေ ၄ ဒသမ ၅ ဧကတွင် ဇွန် ၅ ရက်က သိပ္ပံနည်းကျ ပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်သရုပ်ပြပွဲ ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင် မန်နေဂျာနှင့် ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေးမြို့နယ်များမှ မြို့နယ်မန်နေဂျာများ၊ ကွင်းတာဝန်ခံဝန်ထမ်းများ၊ ဘောင်စနစ်ဖြင့် ဆောင်ရွက်မည့် တောင်သူလယ်သမားများ လက်တွေ့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

အန္တာတိကစာချုပ် နှစ် (၅၀) ပြည့် အထိမ်းအမှတ် အခမ်းအနားများ ကျင်းပမည်

ဗျူနိုအေရီ ဇွန် ၁၈

အန္တာတိကတိုက် (တောင်ဝင်ရိုးစွန်းဒေသ) စာချုပ်လက်မှတ်ရေးထိုးခဲ့ခြင်း နှစ် (၅၀)ပြည့်မြောက်မှု နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ယင်းစာချုပ်၌ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသော နိုင်ငံများမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးပွဲတစ်ရပ်ကို အာဂျင်တီးနားနိုင်ငံ မြို့တော်ဗျူနိုအေရီ၌ ဇွန် ၂၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း၊ အထိမ်းအမှတ်အခမ်းအနားများကိုလည်း ကျင်းပမည်ဖြစ်ကြောင်း အာဂျင်တီးနား နိုင်ငံခြားရေးဝန်ကြီးဌာနက ဇွန် ၁၈ ရက်တွင် ပြောကြားသည်။

၄၈ နိုင်ငံလက်မှတ်ရေးထိုး

အန္တာတိကစာချုပ် နှစ် (၅၀) ပြည့် အထိမ်းအမှတ် အခမ်းအနားများကို ဇွန် ၂၀ ရက်မှ ဇူလိုင် ၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ယင်းစာချုပ်၌ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသော နိုင်ငံပေါင်း ၄၈ နိုင်ငံမှ ထိပ်တန်းတာဝန်ရှိသူများအား ဖိတ်ကြားထားကြောင်း အာဂျင်တီးနား နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်မှု၏ရလဒ်

အန္တာတိကစာချုပ်သည် ၁၉၆၁ ခုနှစ်မှစ၍ အာဏာသက်ဝင်လာခဲ့သည်။ ယင်းစာချုပ်ပေါ်ထွန်းလာရန် ကမ္ဘာ့နိုင်ငံများ စုပေါင်းကြိုးပမ်းခဲ့ကြပြီး သံတမန်ရေး ပူးပေါင်းဆောင်ရွက်မှုများ၏ ရလဒ်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အာဂျင်တီးနားနိုင်ငံသည် အန္တာတိကစာချုပ်၏ မူလအဖွဲ့ဝင် ၁၂ နိုင်ငံ၌ ပါဝင်သည်။

အန္တာတိကစာချုပ်ပေါ်ထွန်းလာရန် အန္တာတိကဒေသ၌ စူးစမ်းလေ့လာနေသော သိပ္ပံပညာရှင်များ၏ ညှိနှိုင်းဆွေးနွေးမှုများကို ၁၉၅၉ ခုနှစ်တွင် စတင်ခဲ့သည်။

အန္တာတိကစာချုပ်၏ အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံးကို ၂၀၀၄ ခုနှစ်မှစ၍ အာဂျင်တီးနားနိုင်ငံ၌ ဖွင့်လှစ်ခဲ့သည်။

ဆင်ဟွာ။

တရုတ်နိုင်ငံရှိ တက်စလီဂရု(ပ်)ကုမ္ပဏီလီမိတက်၏ ဇီဝနည်းပညာသုတေသနဌာနကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ်နှင့် ဗြိတိန် ဆေးဝါးအမျိုးအစားသစ် ၃၀ ပူးတွဲထုတ်လုပ်မည်

ရှင်ကျင့် ဇွန် ၁၈

တရုတ်နှင့် ဗြိတိန်နိုင်ငံတို့မှ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများသည် လာမည့်ဆယ်စုနှစ်အတွင်း ဆေးဝါးသစ် အမျိုးပေါင်း ၃၀ကို ပူးတွဲသုတေသနပြု ထုတ်လုပ်သွားရန် စီစဉ်ထားကြောင်း ဇွန် ၁၈ရက် ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံတောင်ပိုင်းရှိ စီးပွားရေးလျင်မြန်စွာတိုးတက်နေသော ရှင်ကျင့်မြို့၌ ၂၀၁၁ခုနှစ် တရုတ်ဇီဝစက်မှုလုပ်ငန်းဆိုင်ရာ နိုင်ငံတကာညီလာခံကျင်းပချိန်အတွင်း ဆေးဝါးသစ်များ ပူးတွဲထုတ်လုပ်ရေးဆိုင်ရာ အဆိုပြုချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

တရုတ်နှင့် ဗြိတိန်နိုင်ငံတို့သည် ဇီဝနည်းပညာနယ်ပယ်၌ မိတ်ဖက်ပြုဆောင်ရွက်သွားရန် သဘောတူညီကြကြောင်း ဗြိတိန်နိုင်ငံ အမျိုးသားဆေးသုတေသနသိပ္ပံမှ ဒေးဗစ်ဝီကင်ဆန်က ပြောကြားသည်။

တရုတ်နှင့် ဗြိတိန်နိုင်ငံတို့သည် ဆေးဝါးထုတ်လုပ်ရေးဆိုင်ရာ ဇီဝနည်းပညာနယ်ပယ်၌ အားသာချက်တစ်မျိုးစီရှိကြသောနိုင်ငံများဖြစ်ကြကြောင်း၊ မိမိတို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ကာ ဆေးဝါးသစ်များထုတ်လုပ်ကြမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပူးတွဲဆေးဝါးထုတ်လုပ်ရေးဆိုင်ရာ အဆိုပြုချက်အရ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၅၄သန်းရှိမည်ဖြစ်သည်။ ယင်းရင်းနှီးမြှုပ်နှံမှုအနက် အမေရိကန်ဒေါ်လာ ၁၇ဒသမ ၁၃သန်းကို ဗြိတိန်နိုင်ငံဘက်မှ ထည့်ဝင်မည်ဖြစ်သည်။

ပူးတွဲဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကို ဥရောပ၌ပြုလုပ်မည်ဖြစ်သည်။ တရုတ်နိုင်ငံအခြေစိုက် ဇီဝနည်းပညာဓာတ်ခွဲခန်းများ၌ အလုပ်လုပ်ကိုင်လျက်ရှိသော သိပ္ပံပညာရှင်အင်အားကို ယခုနှစ်တွင် ၈၀အထိ မြှင့်တင်မည်ဖြစ်သည်။ **ဆင်ဟွာ။**

အာဖရိကတိုက်နှင့် စီးပွားရေးဆက်ဆံမှု မလေးရှားမြှင့်တင်မည်

ပူထရာဂျာယား(မလေးရှား) ဇွန် ၁၈

မလေးရှားနိုင်ငံသည် အာဖရိကတိုက်နှင့် စီးပွားရေးဆက်ဆံမှု မြှင့်တင်သွားမည်ဖြစ်ကြောင်း မလေးရှား ဒုတိယဝန်ကြီးချုပ် မူယီဒင်ယာဆင်က ဇွန် ၁၈ရက်တွင် ပြောကြားသည်။

မလေးရှားဗဟိုအစိုးရ၏ အုပ်ချုပ်ရေးမြို့တော်ဖြစ်သော ပူထရာဂျာယား၌ ကျင်းပသည့် စီးပွားရေးဆိုင်ရာ ဖိုရမ်ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် မလေးရှား ဒုတိယဝန်ကြီးချုပ်က ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

မလေးရှားနှင့်အာဖရိကတိုက်တို့သည်စီးပွားရေးဆက်ဆံမှု မြှင့်တင်လျက်ရှိရာ မလေးရှားနိုင်ငံသည် ၂၀၁၀ ပြည့်နှစ်က အာဖရိကတိုက်နှင့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၈ဘီလီယံဖိုး ကုန်သွယ်ခဲ့ကြောင်း၊ နှိုင်းယှဉ်ချက်အရ ဆိုရလျှင် မလေးရှားနှင့် ဂျာမနီနိုင်ငံတို့၏ကုန်သွယ်မှုသည် လွန်ခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၁၂ဘီလီယံဖိုး ရှိခဲ့ကြောင်း၊ ဂျာမနီနိုင်ငံသည် နယ်မြေအကျယ်အဝန်းအရ အာဖရိကတိုက်၏ တစ်ရာခိုင်နှုန်းသာ ရှိကြောင်း ၎င်းက ပြောကြားသည်။

အာဖရိကနိုင်ငံများသည် လာဘ်ပေးလာဘ်ယူမှုနှင့် အာဏာအလွဲသုံး ကိုယ်ကျိုးရှာမှုတို့ကို တိုက်ဖျက်နိုင်ရန် ဥပဒေသစ်များရေးဆွဲထုတ်ပြန်ခြင်းဖြင့် စီးပွားရေးပတ်ဝန်းကျင်၌ ပွင့်လင်းမြင်သာမှုပိုမိုရှိသင့်ကြောင်း ယာဆင်က တိုက်တွန်းသည်။

မလေးရှားနှင့် အာဖရိကနိုင်ငံများ၏ စီးပွားရေးဖိုရမ်ဆွေးနွေးပွဲသို့ယူဂန္ဓာနှင့်ဇင်ဘာဘွေသမ္မတတို့လည်းတက်ရောက်ကြသည်။ အာဖရိကတိုက်ရှိ နိုင်ငံပေါင်း ၂၇နိုင်ငံမှ သံတမန်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကိုယ်စားလှယ်များအပါအဝင် ကိုယ်စားလှယ်ပေါင်း ၁၀၀၀ကျော် ဖိုရမ်ဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။ **ဆင်ဟွာ။**

ဓာတုဗေဒရွက်ကြွေဆေးဆိုင်ရာရှင်းလင်းသုတ်သင်မှုစီမံကိန်း ဗီယက်နမ်နှင့် အမေရိကန် ပူးတွဲအကောင်အထည်ဖော်

ဟနွိုင်း ဇွန် ၁၈

ဗီယက်နမ်စစ်ပွဲကာလအတွင်း အမေရိကန်တပ်ဖွဲ့က အသုံးပြုခဲ့သော ဓာတုဗေဒရွက်ကြွေဆေးများကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးခဲ့ရသော နေရာများအား ပြန်လည်ရှင်းလင်းသုတ်သင်ရန် ဗီယက်နမ်နှင့် အမေရိကန်နိုင်ငံတို့၏ ပူးတွဲစီမံကိန်းတစ်ရပ်ကို စတင်လိုက်ပြီဖြစ်ကြောင်း ဟနွိုင်းမြို့ရှိ အမေရိကန်သံရုံးက သတင်းကြေညာချက် ထုတ်ပြန်သည်။

ဗီယက်နမ်စစ်ပွဲကာလအတွင်း အမေရိကန်တပ်ဖွဲ့က ဓာတုဗေဒရွက်ကြွေဆေးများ သိုလှောင်ခဲ့ရာနေရာ၌ ရှင်းလင်းသုတ်သင်ရန် ပူးတွဲစီမံကိန်းတစ်ရပ်ချမှတ်ထားပြီး စီမံကိန်း၏ ပထမအဆင့်ကို စတင်အကောင်အထည်ဖော်လျက်ရှိသည်။

သဘာဝပတ်ဝန်းကျင်ထိခိုက်

ဗီယက်နမ်နိုင်ငံအလယ်ပိုင်းရှိ အမေရိကန်စစ်စခန်းဟောင်းတစ်နေရာတွင် ဓာတုဗေဒရွက်ကြွေဆေးများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ခဲ့ရပြီး ယင်းနေရာတွင် ရှင်းလင်းသုတ်သင်မှုများ အဓိကပြုလုပ်ရမည်ဖြစ်သည်။

ဓာတုဗေဒရွက်ကြွေဆေးများ၌ပါဝင်သော ဒိုင်အောက်ဆင်ဓာတုပစ္စည်းကြောင့် ဗီယက်နမ်ဒေသခံပြည်သူများအတွင်း ကင်ဆာရောဂါဖြစ်ပွားမှုနှင့် မွေးရာပါချို့ယွင်းချက်များပါရှိသော ကလေးများ မွေးဖွားမှုတို့ဖြစ်ပေါ်ခဲ့ရသည်။

စီမံကိန်းအရ ဒါနန်းလေဆိပ်အနီးဝန်းကျင်ရှိနေရာဒေသများ၌ ဗီယက်နမ်စစ်ပွဲကာလအတွင်း မပေါက်ကွဲဘဲ ကျန်ရှိနေသော မိုင်းဗုံးများကို ဦးစွာရှင်းလင်းရမည်ဖြစ်ပြီး ယင်းနောက်တွင် မြေဆီလွှာအတွင်းဝင်ရောက်နေသော ဒိုင်အောက်ဆင်ဓာတုပစ္စည်းကို ရှင်းလင်းဖယ်ရှားရမည်ဖြစ်သည်။

အဆိုပါစီမံကိန်းကို ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဌာနနှင့် အမေရိကန်နိုင်ငံတကာ ဖွံ့ဖြိုးရေးအေဂျင်စီတို့ ပူးတွဲအကောင်အထည်ဖော်လျက်ရှိသည်။

ဆင်ဟွာ။

ဗီယက်နမ်နိုင်ငံ ဒါနန်းလေဆိပ်အနီး၌ ဗီယက်နမ်စစ်ပွဲကာလက မပေါက်ကွဲဘဲကျန်ရှိနေသော မိုင်းဗုံးများကို ရှင်းလင်းဖယ်ရှားစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်း မိန့်ခွန်းပြောကြားစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်၊ အမေရိကန်တို့နှင့် တာလီဘန် ငြိမ်းချမ်းရေးဆွေးနွေးနေပြီဟု ကာဇိုင်းပြောကြား

ကဘူး ဇွန် ၁၈

အာဖဂန်သမ္မတ နန်းတော်အနီးမှ ရဲစခန်းကို စစ်သွေးကြွများက ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့သော်လည်း သမ္မတ ဟာမစ်ကာဇိုင်းက အာဖဂန်နစ္စတန်နှင့် အမေရိကန်တို့သည် တာလီဘန်တို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကျင်းပလျက်ရှိကြောင်း စနေနေ့တွင် အတည်ပြုပြောကြားလိုက်သည်။

အာဖဂန်ကြည်းတပ်ဝတ်စုံများ ဝတ်ဆင်ထားသည့်သူများက အဆိုပါ ရဲစခန်းကိုတိုက်ခိုက်ကာ ရဲအရာရှိများကို ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောသည်။

တိုက်ခိုက်ရေးသမားတစ်ဦးက ရဲစခန်းအပြင်ဘက်ဝင်ပေါက်တွင် အသေခံဗုံးခွဲ၍ ကျန်တိုက်ခိုက်ရေးသမားများက ရဲစခန်းအတွင်းသို့ အပြေးဝင်ရောက်ပြီး ပစ်ခတ်ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

သေနတ်သံများပွဲတင်ထပ်

ပုံမှန်အားဖြင့် ဈေးဝယ်သူများနှင့် အစိုးရဝန်ထမ်းများ စည်ကားလျက်ရှိသော်လည်း စနေနေ့ဖြစ်သည့်အတွက် လူသူလေးပါးကင်းရှင်းလျက်ရှိသော လမ်းများပေါ်တွင် သေနတ်သံများ ပွဲတင်ထပ်ခဲ့သည်။ တိုက်ပွဲမှာ ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ပြီးဆုံးသွား၍ စစ်သွေးကြွနှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့များက အသေပစ်သတ်နိုင်ခဲ့ကြောင်း၊ ရဲတပ်ဖွဲ့အရာရှိနှစ်ဦးနှင့် အရပ်သားတစ်ဦး သေဆုံးခဲ့ကြောင်း၊ ရဲအရာရှိလေးဦးနှင့် အရပ်သားရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနကပြောသည်။

တိုက်ခိုက်မှုများ အဆုံးသတ်ရေးကိုရည်ရွယ်၍ ၎င်း၏ အစိုးရအဖွဲ့နှင့် အမေရိကန်တို့သည် တာလီဘန်တို့နှင့် ပဏာမဆွေးနွေးပွဲများကိုစတင်နေပြီဖြစ်ကြောင်း သမ္မတ၏နန်းတော်၌ ကာဇိုင်းက မိန့်ခွန်းပြောကြားစဉ် ထည့်သွင်းကြေညာပြီးသည့်နောက် မကြာမီတိုက်ခိုက်ခြင်းဖြစ်သည်။

အချို့က ကျယ်ပြန့်စွာ လှုပ်ရှားမှုပြုလုပ်ကြရန် ပြောကြားနေခဲ့သော်လည်း တာလီဘန်အဖွဲ့၏ ကိုယ်စားလှယ်အချို့သည် ၎င်းဖွဲ့စည်းထားသည့် ငြိမ်းချမ်းရေးကောင်စီအဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ပြီးဖြစ်ကြောင်း ကာဇိုင်းကပြောသည်။ယင်းတို့အကြား ဆက်သွယ်ရေးလမ်းကြောင်းကို ချက်ချင်း ရှင်းလင်းစွာမသိရသည့်အပြင် အသေးစိတ်အချက်အလက်များကိုလည်း ထပ်မံမရရှိခဲ့ပေ။ **အေပီ။**

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ (၁၂)ကြိမ်မြောက် ညှိနှိုင်းစည်းဝေး

အစည်းအဝေးကျင်းပ

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ၏ (၁၂)ကြိမ်မြောက် အစည်းအဝေးကျင်းပစဉ်။
(သတင်းစဉ်)

နေပြည်တော် ဇွန် ၁၈

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ၏ (၁၂)ကြိမ်မြောက်အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်း၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း၊ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကော်မတီ၏ဆောင်ရွက်ချက်များအပေါ် သုံးသပ်ဆွေးနွေးပေးကြရန် မှာကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ကော်မတီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ငွေသိန်းက ကော်မတီ၏ လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာကြသည့် ကော်မတီဝင်များက ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းက နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၁၈

၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက်၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ ပြပွဲဗဟိုကော်မတီနာယကများဖြစ်ကြသည့် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးငွေအောင်၊ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌများနှင့် အသင်းဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ အသင်းဝင်များက ၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီနှင့် လုပ်ငန်းများအလိုက် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဒုတိယဝန်ကြီး ဦးငွေအောင်တို့က အထူးရောင်းချပွဲ၌ နေပြည်တော် ခရီးသွားပြပွဲနှင့် အစားအစာပြပွဲများ ခင်းကျင်းပြသနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က ၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် နေပြည်တော် ခရီးသွားပြပွဲနှင့် အစားအစာပြပွဲများအတွက် စီစဉ်ဆောင်ရွက်မှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံတကာ အနုပညာရပ်ဝန်း

အောင်မြင်မှုလျှို့ဝှက်ချက်ကို ထုတ်ဖော်ပြောကြားသည့် ကျေးလက်သီချင်းအဆိုတော် ကန်နီချက်စ်နေ

အမေရိကန်ကျေးလက်သီချင်းအဆိုတော် ဂီတပညာရှင် ကန်နီချက်စ်နေ ***(ယာပုံ)****က အောင်မြင်ကျော်ကြားသည့် အနုပညာရှင်တစ်ဦးဖြစ်လာစေရန် ကြိုးစားအားထုတ်ခဲ့ရပုံကို ထုတ်ဖော်ပြောကြားသည်။*

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ဇွန် ၁၇ ရက်က ကျင်းပသည့် The Today Show အစီအစဉ်တွင် ဖျော်ဖြေပြီးနောက် ပြောကြားရာတွင် "အိပ်ရာထဲမှာ နဖူးပေါ်လက်တင်ပြီး လေးလေးနက်နက် စဉ်းစားခဲ့တဲ့ညတစ်ညကို ကျွန်တော် မှတ်မိနေပါတယ်။ အဲဒီတုန်းက ကျွန်တော်ဟာ ဘဝမှာအောင်မြင်ကျော်ကြားတဲ့ အနုပညာသမားတစ်ယောက်ဖြစ်ဖို့ လုပ်ဆောင်ရမယ့်အချက်အလက် ၃၀ ကို ရေးမှတ်ခဲ့ပါတယ်။ နောက်တစ်နေ့ကစပြီး ကျွန်တော် ဘာပဲလုပ်လုပ် အဲဒါတွေကို ခေါင်းထဲမှာ အမြဲထည့်ထားခဲ့ပါတယ်" ဟု ဆိုသည်။

ဆက်လက်၍ ကန်နီချက်စ်နေက သူ၏ Greatst Hits တေးအယ်လ်ဘမ် ထုတ်ဝေစဉ်က အတွေ့အကြုံကို ပြောပြရာတွင် "ဘယ်သူမှ ကျွန်တော့်ကို မသိကြဘူးဗျာ။ ကျွန်တော့်သီချင်းတွေကိုတော့ သိနေကြ၊ ဆိုနေကြတာပေါ့။ သီချင်းရေးဆရာတစ်ယောက်အနေနဲ့၊ အဆိုတော်တစ်ယောက်အနေနဲ့၊ အနုပညာရှင်တစ်ယောက်အနေနဲ့ တစ်နည်းနည်းနဲ့တော့ အသိမှတ်ပြုခံချင်တာပေါ့ဗျာ" ဟု ဆိုသည်။

အောဝမ်းစိုး

ကင်မရွန်းဒိုင်ရက်ဇ်နှင့် ဂျက်စတင် တင်ဘာလိတ်ခ်တို့ အတိတ်ကိုသတိရစေသည့် Bad Teacher ဇာတ်ကား

ဟောလိဝုဒ်မင်းသမီးချော ကင်မရွန်းဒိုင်ရက်ဇ်နှင့် ဂျက်စတင် တင်ဘာလိတ်ခ် ***(အောက်ပုံ)****တို့နှစ်ဦးသည့် ဟာသဇာတ်ကားသစ် Bad Teacher ဇာတ်ကားတွင် အတူတကွ ပူးတွဲသရုပ်ဆောင်ခဲ့ရာ တစ်ယောက်နှင့်တစ်ယောက်ချစ်နေသေးသည်ဟု ဖော်ပြရာရောက်ကြောင်း သတင်းများတွင် ဖော်ပြသည်။*

အသက်(၃၈)နှစ်ရှိပြီဖြစ်သည့် ကင်းမရွန်းဒိုင်ရက်ဇ်နှင့် ဂျက်စတင် တင်ဘာလိတ်ခ်တို့သည် ၂၀၀၃ ခုနှစ်မှ ၂၀၀၆ ခုနှစ်တိုင်အောင် ချစ်ကျွမ်းဝင်ခဲ့ကြပြီး Bad Teacher ဇာတ်ကားတွင် အတူတကွ ပြန်လည်သရုပ်ဆောင်ရသည့် အခွင့်အရေးသည် နှစ်ဦးစလုံးအတွက် အတိတ်ကို ပြန်သတိရတမ်းတစေသည့်အကြောင်း ဖန်လာခြင်းဖြစ်သည်။

ကင်မရွန်းသည် ယခု အခါ အင်္ဂလန် နိုင်ငံ လန်ဒန်မြို့တော်၌ ရောက်ရှိနေပြီး ၁၉၆၆ ခုနှစ်က Gambit ဇာတ်ကားကို မင်းသား ကောလင်ဖက်နှင့် အတူပြန်လည်ရိုက်ကူးလျက်ရှိသည်။

အင်တာနက်။

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဝန်ကြီး၏ လမ်းညွှန်မှု၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ ကြီးကြပ်မှု၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်ပံ့ပိုးမှုဖြင့် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ နာတာရှည်ရောဂါဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အခမ်းအနားကို ဇွန် ၁၇ ရက်က ကျင်းပရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးဟောပြောကြပြီး ရပ်ကွက်အတွင်းရှိ နာတာရှည်ရောဂါဝေဒနာရှင်များအား အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်ပေးပြီး ဆေးဝါးများ၊ အာဟာရပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ (၆၇)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၁၈

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဇီဝိတဒါန အထူးကုဆေးရုံ ခုတင် (၁၀၀၀) ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့် တက်ရောက်၍ သတ်မှတ်နေရာတွင် ခရေပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်များဖြစ်ကြသော ဦးသန်းအောင်၊ ဒေါက်တာ ပိုင်စိုး၊ ဦးကံချွန်နှင့် ဦးမျိုးညွန့်တို့က သတ်မှတ်နေရာများတွင် ခရေပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဝန်ထမ်းများက ရတနာတန်းဝင်အပင်များ၊ အရိပ်ရစားပင်များ၊ နှစ်ရှည်အလှပင်များကို စိုက်ပျိုးပေးကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ကောင်စီဝင်များက လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ နေပြည်တော် စည်ပင်သာယာရေးကော်မတီ သစ်ပင်စိုက်ပျိုးပွဲတွင် နေပြည်တော် ဇီဝိတဒါန အထူးကုဆေးရုံ ခုတင် (၁၀၀၀)အတွင်း ရတနာတန်းဝင်အပင်၊ အရိပ်ရစားပင်နှင့် နှစ်ရှည်ပန်းအလှပင်များဖြစ်သော ခရေ၊ ကံ့ကော်၊ မဟော်ဂနီ၊ မည်စည်၊ ပုန်းညက်၊ စိန်ပန်း၊ ငုရွှေဝါ၊ နှင်းသီးနှင့် စိန်တလုံးသရက်ပင် စုစုပေါင်း အပင် ၁၂၀၀ အား စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် နေပြည်တော်အတွင်း စိမ်းလန်းစိုပြည်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သာယာလှပရေးအတွက် နှစ်စဉ်ရတနာတန်းဝင်အပင်များဖြစ်သော ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ အရိပ်ရလေကာပင်နှင့် နှစ်ရှည်ပန်းအလှပင်ကြီးများဖြစ်သော စိန်ပန်း၊ ပန်းတမာ၊ ငု၊ သစ်ဆိမ့်၊ ပိတောက်၊ ကံ့ကော်၊ ခရေ၊ ရေပျဉ်းမ၊ မည်စည်၊ ငုစပ်၊ အင်ကြင်းပင်များ၊ အရိပ်ရစားပင်များဖြစ်သော သရက်၊ အုန်း၊ ပိန္နဲ၊ မန်ကျည်းစသည်တို့ကို မြို့တော်ခန်းမနှင့် ဝန်ထမ်းအိမ်ရာများ၊ လမ်းဘေးဝဲ၊ ယာများ၊ ပန်းခြံနှင့် ပန်းဥယျာဉ်များတွင် စိုက်ပျိုးလျက်ရှိရာ ၂၀၁၁ ခုနှစ် ဇွန်လအထိ စုစုပေါင်း အပင်မျိုးစုံ ပင်ရေခုနစ်သိန်းခန့် စိုက်ပျိုးခဲ့သည်။

(သတင်းစဉ်)

နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ခရေပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် တပ်ကုန်းမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၈

နေပြည်တော် တပ်ကုန်းမြို့နယ် ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်တပ်ကုန်းမြို့နယ် အခြေခံပညာအထက်ကျောင်း(ခွဲ)ဝင်းအတွင်း၌ ကျင်းပရာ ရှေးဦးစွာ နေပြည်တော် တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးက ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များထံ ပျိုးပင်များ ဖြန့်ဝေပေးပြီး နေပြည်တော်ကောင်စီနယ်မြေ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတက်တိုးက တစ်အိမ်ထောင် ကျွန်းသုံးပင်နှင့် သစ်မာပင် ၂၀ တို့ကို ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ဖြန့်ဝေပေးသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သစ်တောဦးစီးဌာနနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများသည် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံများနှင့်အတူ သတ်မှတ်နေရာများ၌ သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

ယနေ့ကျင်းပသည့် နေပြည်တော် တပ်ကုန်းမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်း၊ မဲဇလီ၊ ပိတောက်၊ တမာ၊ ရင်းမာ၊ ရေတမာ၊ စိန်ပန်း၊ စက္ကူပန်း၊ ခရေနှင့် မဟော်ဂနီ စုစုပေါင်း အပင် ၁၀၀၀ စိုက်ပျိုးခဲ့ကြသည်။

၂၀၁၁ ခုနှစ် မိုးရာသီတွင် နေပြည်တော် တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာနက မြို့နယ်အတွင်း စုစုပေါင်း အပင် ၁၁၀၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ပြီး ဌာနအစီအစဉ်ဖြင့် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၈၅၀ နှင့် ရေဝေရေလဲ စိုက်ခင်း ဧက ၂၀၀ တို့ကို တည်ထောင်စိုက်ပျိုးမည်ဖြစ်ရာ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း စုစုပေါင်း ပျိုးပင် ၆၀၀၀၀၀ စိုက်ပျိုးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

နေပြည်တော် တပ်ကုန်းမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် နေပြည်တော်ကောင်စီနယ်မြေ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတက်တိုး သစ်ပင်များ ဖြန့်ဝေပေးစဉ်။ (သတင်းစဉ်)

ပျော်ဘွယ်မြို့နယ် လင်းစင်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ အာဟာရဒါနကျွေးမွေး

နေပြည်တော် ဇွန် ၁၈

နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေအင်းရိပ်သာ စာသင်တိုက် သာသနဓဇ ဓမ္မာစရိယ ဂန္ထဝါစက ပဏ္ဍိတ မန္တလေးတိုင်းဒေသကြီး သံဃနာယက ဆရာတော် ဘဒ္ဒန္တ ပညာသာမိသည် ဇွန် ၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ဥစ္စာနွယ်ကျေးရွာအုပ်စု လင်းစင်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရွာသူ၊ ရွာသားများအား ပဉ္စမအကြိမ်မြောက် အာဟာရဒါနအဖြစ် ကြာဆံဟင်းခါး ဧည့်ခံကျွေးမွေးပြီး ပညာဒါနအဖြစ် လင်းစင်ကုန်း(အမက)မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၆၅ ဦးတို့အား တစ်ဦးလျှင် ကျောင်းဝတ်စုံ ဖြူ စိမ်းတစ်စုံစီနှင့် ဗလာစာအုပ် ၁၂ ဒါဇင်၊ ခဲတံ ၁၂ ဒါဇင်နှင့် အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

နိုင်ငံတကာကောလိပ်များ၌ ဘာသာရပ်အလိုက်သင်ကြားနိုင်

ရန်ကုန် ဇွန် ၁၈

Asian Educational Consortium-AEC College ၌ ACCA, DIM, MBA, LLB, GCE O and A level ဘာသာရပ်များကို စင်ကာပူနိုင်ငံရှိ AEC College မှ အနီးဆုံး ဇူလိုင် ကျောင်းဖွင့်ချိန်အတွက် မည်သည့်ဘာသာရပ်မဆို လျှောက်ထားပါက ကျောင်းဝင်ကြေးပေါ်တွင် ၂၀ ရာခိုင်နှုန်း ပေးသွားမည်ဖြစ်ကြောင်း OESC ပြည်ပပညာရေး ဝန်ဆောင်မှုစင်တာမှ သိရသည်။ ACCA ဘာသာရပ်မှာ စတင်လျှောက်ထားချိန်တွင် ကျောင်းသားဗီဇာ တစ်နှစ်စတင်ချထားပေးပြီး ကျောင်းစရိတ်ကိုလည်း ခြောက်လစာ ကျောင်းလခကိုသာ ဦးစွာပေးသွင်းရမည်ဖြစ်ပြီး ကျန်သည့် ကျောင်းစရိတ်ကို မိမိဆက်လက်တက်ရောက်မည့် ဘာသာရပ်ပေါ်မူတည်ပြီး အရစ်ကျပေးနည်းပုံစံမျိုးဖြင့် ပေးသွင်းတက်ရောက်နိုင်ကြောင်း သိရသည်။ ACCA ဘာသာရပ်တွင် စုစုပေါင်း ဘာသာရပ် ၁၄ ခုရှိပြီး အပိုင်းသုံးပိုင်း ပိုင်းခြားထားသည်။ ACCA Part II ပြီးပါက ဘွဲ့တစ်နှစ်ဖြင့် ရနိုင်သည်။ DIM ဘာသာရပ် ၁၀ လ တက်ရောက်အောင်မြင်ပြီးပါက နောက်ဆုံးနှစ်သို့ သက်ဆိုင်ရာ တက္ကသိုလ်ကြီးများတွင် ဆက်လက်တက်ရောက်နိုင်သည်။ ဝင်ခွင့်သတ်မှတ်ချက်မှာ ဘွဲ့တစ်ခုခုရရှိထားသူများ(သို့) ဒီပလိုမာလက်မှတ်နှင့် လုပ်ငန်းအတွေ့အကြုံငါးနှစ်ရှိထားပါက MBA ကို တက်ရောက်နိုင်သည်။ ဘာသာရပ်အလိုက် အသေးစိတ်သိရှိလိုပါက OESC(Overseas Education Service Center) အခန်း(၃၀၄) နေလှိုင်တာဝါ တတိယထပ် မြေနီကုန်း စမ်းချောင်း ရန်ကုန်မြို့ ဖုန်း-၅၁၉၀၉၂၊ ၀၉-၇၃၀၉၄၀၆၀နှင့် ၀၉-၅၀၈၆၈၁၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အာဆီယံ သွေးလွန်တုပ်ကွေးနေ့ သွေးလွန်တုပ်ကွေးရောဂါ ပညာပေးဟောပြောပွဲကို ဇွန် ၁၄ ရက်တွင် အထက(၂) မင်္ဂလာဒုံ၌ ကျင်းပရာ မင်္ဂလာဒုံမြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်ဝင်းဝင်းမာ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအကြောင်း ပညာပေးဟောပြောစဉ်။ (၅၃၂)

ဝေါစည်ပင် ဂဝံလမ်းခင်း

ဝေါ ဇွန် ၁၈

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ်တွင် ဆောင်ရွက်လျက်ရှိသော ဗိုလ်ဥတ္တမလမ်းဂဝံခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သန်းတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ရေဥက္ကံကျေးရွာ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးနှင့် အလှူရှင်များစုပေါင်း၍ စာသင်ခုံအရှည် အစုံ ၁၁၀၊ ဗလာစာအုပ်ဒါဇင် ၂၁၀ လှူဒါန်းပွဲကို ဇွန် ၁၄ ရက်က အလက(၁) ထခွဲ ကျောင်းခန်းမ၌ ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မျိုးသူ ကျောင်းအုပ်ဆရာမကြီးထံ လွှဲပြောင်းပေးအပ်စဉ်။ (၃၂၉)

ကွင်းဆင်းစစ်ဆေး

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ရေစီးရေလာကောင်းမွန်စေရေးအတွက် အာဇာနည်လမ်း ရေနုတ်မြောင်းကို အဖွဲ့ပိုင်မြေကော်စက်ဖြင့် ဆောင်ရွက်နေမှုအား မေ ၃၁ ရက်က အမှုဆောင်အရာရှိ ဦးအမ်လှသောင်း ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကျိုက်ထိုစည်ပင် အောင်သပြေလမ်း ကတ္တရာခင်း

ကျိုက်ထို ဇွန် ၁၈

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အောင်သပြေ(၃)လမ်း ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာဦးရဲလွင်တို့က ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ ပြည်ထောင်စုဝန်ကြီး တက်ရောက်

နေပြည်တော် ဇွန် ၁၈

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ဝန်ထမ်းမိသားစုဝင်များ၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပရာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၀- ၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ခြောက်ဘာသာဂုဏ်ထူးရ ကျောင်းသူနှစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)** ဆက်လက်၍ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူ ၁၆၈၉ ဦးအတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၄၆၆၉၇၅၀၀ ကို ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာဌာနများကိုယ်စား ဝန်ကြီးဌာန ပညာရေးကော်မတီဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်က လက်ခံသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်သန်းဦးနှင့် တာဝန်ရှိသူများက ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူ ၇၁ ဦးအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများ၏ သားသမီးများမှ ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ခုနစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ကိုးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ကိုးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၃၃ ဦး စုစုပေါင်း ၇၃ ဦးအား ဝန်ကြီးဌာနက ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၆၉၀၀၀၀၀ ပေးအပ်ချီးမြှင့်ခဲ့သည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

ဘားအံ ဇွန် ၁၈

ကရင်ပြည်နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဇွန် ၁၃ ရက်က ဘားအံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းလှ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ကရင်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအေးသက် **(အပေါ်ပုံ)** နှင့် ကရင်ပြည်နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့တာဝန်ခံ ဒုတိယရဲမှူး စိန်ဝင်းတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသ ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

မုတ်သုံလေ ဆက်လက်အားကောင်းမည်

နေပြည်တော် ဇွန် ၁၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** သံတွဲမြို့တွင် ၁၂ ဒသမ ၄၅ လက်မ၊ လောင်းလုံမြို့တွင် ၉ ဒသမ ၆၉ လက်မ၊ ချောင်းဆုံမြို့တွင် ၆ ဒသမ ၂၂ လက်မ၊ တောင်ကုတ်မြို့တွင် ၅ ဒသမ ၉၄ လက်မ၊ မော်လမြိုင်မြို့တွင် ၅ ဒသမ ၈၃ လက်မ၊ ဗွမြို့တွင် ၅ ဒသမ ၇၉ လက်မ၊ ကျိုက်မရောမြို့တွင် ၅ ဒသမ ၆၆ လက်မ၊ ကျိုက္ကမီမြို့တွင် ၅ ဒသမ ၄၃ လက်မ၊ မြောက်ဦးမြို့တွင် ၅ ဒသမ ၃၁ လက်မနှင့် စစ်တွေမြို့တွင် ၅ ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက် ။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် ။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေဆက်လက်အားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ပြည်သူ့ထံမှ ပေးစာများ

ကားဘော်ဒီရုံ အနံ့ဆိုးစုံ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁)ရပ်ကွက် အုတ်ပုံဆိပ်လမ်းရှိ ကားဘော်ဒီရုံသည် ကားဆေးမှုတ်၊ ဘော်ဒီရိုက်လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ဆေးမှုတ်အနံ့များ၊ ဝရိန်ဆော် အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေ ကလေးများ၊ သက်ကြီးရွယ်အိုများ ကျန်းမာရေးထိခိုက်စေပြီး မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မောင်ဥက္ကလာ

ဝက်မွေးမြူ၊ ငါးသလောက်ပေါင်းအနံ့အသက်မကောင်း

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် (၁/က) စံပြရပ်ကွက် ချစ်တီးကုန်း(၆)လမ်းရှိ အိမ်တစ်အိမ်တွင် ဝက်များမွေးမြူပြီး ငါးသလောက်နှင့် ပင်လယ်ငါးများကို ပေါင်း၍ စီးပွားဖြစ်ရောင်းချလျက်ရှိရာ ဝက်မစင်နံ့များ၊ ငါးညှီနံ့များကြောင့် ပတ်ဝန်းကျင်နေ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များ၏ ကျန်းမာရေးကို ထိခိုက်စေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူများ

အသားသတ်ရုံ ကြပ်မတ်ပေးစေလို

စာတည်းခင်ဗျား-

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျောက္ကလပ်ကျေးရွာအုပ်စု အမှတ်(၅)ရပ်ကွက်တွင် သားသတ်ရုံတည်ဆောက်လုပ်ကိုင်လျက်ရှိရာ စွန့်ပစ်ပစ္စည်းများမှ အပုပ်နံ့ဆိုးများ ထွက်ပေါ်ခြင်း၊ မုတ္တမဘက်မှ စစ်တောင်းစက္ကူစက်ရုံသို့ သွယ်တန်းထားသော သဘာဝဓာတ်ငွေ့ပိုက်လိုင်းပေါ်သို့ အသားတင်ယာဉ်များ ဖြတ်သန်းမှုကြောင့် မြေပေါ်မှ ဓာတ်ငွေ့ပိုက်များ တုန်ခါမှုဖြစ်၍ အန္တရာယ်ဖြစ်စေခြင်းများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်ကြရပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက်က အထက(ကဝ) ဆရာကျော့ခန်းမ၌ ကျင်းပရာ နိုင်ငံတော်က ပေးအပ်လှူဒါန်းသော ကျောင်းသုံးစာအုပ်များနှင့် ပညာသင်ထောက်ပံ့ကြေးများအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံခန့်ခွဲရေးဝန်ကြီး ဦးရဲမြင့်ထွန်း ပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်ခင်စန်းအေး လက်ခံစဉ်။ (၃၇၀)

ရေတာရှည်မြို့နယ်၌ မူလတန်းကျောင်း(ခွဲ)ဖွင့်

ရေတာရှည် ဇွန် ၁၈

ပဲခူးတိုင်းဒေသကြီး(အရှေ့) တောင်ငူခရိုင် ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု တံတားကြီးကျေးရွာ၌ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အခြေခံပညာမူလတန်းကျောင်း(ခွဲ)ဖွင့်လှစ်ပွဲကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားသို့ ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား မြို့နယ်ပညာရေးမှူး ဒေါ်အာသီးဒေဝီက တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ မူလတန်းကျောင်း(ခွဲ)အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်ရာ ကျေးရွာ ရပ်မိရပ်ဖတစ်ဦးက လက်ခံရယူပြီး မွန်းတည့် ၁၂ နာရီတွင် အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ (၅၇၈)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၉-၆-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၄	၁။	နိုင်ငံတော်သီချင်း
၇း၀၅	၂။	တရားတော်
၇း၁၅	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာ့ရှုခင်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၄	၁။	နိုင်ငံတော်သီချင်း
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၀	၄။	**ကာတွန်းအစီအစဉ် -ဘေ့စ်ဘောကြယ်ပွင့်များ (အပိုင်း-၁၄)**
၁၁း၄၀	၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အဘိုးရဲ့လျှို့ဝှက်ချက်**
၁၂း၃၀	၆။	ကျန်းမာသုတ
၁၂း၄၀	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၇၇)**

ညပိုင်း

၄း၀၄	၁။	နိုင်ငံတော်သီချင်း
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၂၀	၅။	လျှပ်တစ်ပြက်
၄း၃၀	၆။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၄၀	၇။	မြန်မာ့ရှုခင်း
၅း၁၅	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၅	၉။	ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၂။	ဘဝကြေးမုံ -ကျွန်တော်ဘာမှမဖြစ်ပါ (ရန်ကျော်၊ စုမြတ်နိုးဦး၊ ဒေါက်တာ မင်းနိုင်နှင့်သရုပ်ဆောင်များ) (ဒါရိုက်တာ-ဥက္ကာ)
၆း၅၀	၁၃။	ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငွေတိုက်ပွဲ (အပိုင်း-၂၀)**
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	ပဟေဠိနန်းတော်
	၂၀။	ကျန်းမာသုတ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-ပေါင်မုန့်အချစ် အိပ်မက်လေးရယ် (အပိုင်း-၁၁)**
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-အိမ်အပြန်လမ်း (အပိုင်း-၆၃)**

အတည်ပြုချိန် ၁၁း၅၀

☆ **ရှေ့ဖုံးမှ**

ယခုကဲ့သို့ Globalization ကမ္ဘာကြီးရွာငယ်ဖြစ်သည့်ခေတ်တွင် ရန်သူရော မိတ်ဆွေပါ သူ့အကျိုးစီးပွား၊ ကိုယ့်အကျိုးစီးပွားအတွက် ပြိုင်ဆိုင်ကြမှုသည် အလွန်ပြင်းထန်သည့်အချိန်ကာလပင်ဖြစ်ကြောင်း။

ထို့ကြောင့် ယခုအင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် အားကစားပြိုင်ပွဲတွင် ယခင်နှစ်များထက်အောင်မြင်ပြီး ဆုတံဆိပ်ပိုမိုရရှိရန်နှင့် (၂၇)ကြိမ်မြောက် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည့်ပွဲကြီးတွင် ပထမအဆင့်ထပ်မံဆွတ်ခူးရနိုင်ရန်ဆိုလျှင် ဘက်စုံထောင့်စုံ အဘက်ဘက်က အားသွန်ခွန်စိုက်လုပ်ပါမှ ရနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ချီးမြှောက်ထောက်ပံ့မှု၊ အားကစားသမားများ၏ အစွမ်းကုန်ကြိုးပမ်းမှု၊ စည်းကမ်းသေဝပ်မှု၊ ဖွဲ့၊ လုံ့လ၊ ဝီရိယစိုက်ထုတ်မှု၊ သက်ဆိုင်ရာအဖွဲ့ချုပ်များနှင့် နည်းပြများ၏ နည်းမှန်လမ်းမှန်ကြီးကြပ်စွမ်းဆောင်ပေးမှုတို့အပြင် မိဘပြည်သူစေတနာရှင်များ၏ ငွေအား၊ အကြံဉာဏ်အားဖြင့် အားပေးကူညီမှုများလည်း မြောက်မြားစွာ လိုအပ်သွားမည်ဖြစ်ကြောင်း။

ထို့အပြင် (၂၆)ကြိမ်မြောက် ဂျကာတာပြိုင်ပွဲမှ တွေ့ရှိလာမည့်အားနည်းချက်များကို စိစစ်ပြုပြင်ပြီး အားသာချက်များကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ခြင်းဖြင့် ရည်မှန်းချက်ပန်းတိုင်ကို မရောက်ရောက်အောင် ရေကုန်ရေခန်းကြိုးပမ်းသွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို နေပြည်တော်မှာ အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက်လည်း နိုင်ငံတော်က ပြိုင်ပွဲကျင်းပရေးကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနှင့် ဆပ်ကော်မတီ ၁၂ ခုကို ဖွဲ့စည်းပေးထားပြီး ပြိုင်ပွဲကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ လိုအပ်သည့် အားကစားကွင်း၊ အားကစားရုံ၊ အားကစားရွာများဆောက်လုပ်ခြင်း၊ ပြိုင်ပွဲအလားအလာရှိသည့် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ထပ်မံရှာဖွေလေ့ကျင့်ခြင်းများကိုလည်း ဆောင်ရွက်နေပြီဖြစ်ကြောင်း။

မြန်မာ့အားကစားအဖွဲ့များအနေဖြင့် မိမိတို့သည် အားကစားဖြင့် နိုင်ငံ့ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေး ရည်မှန်းချက်အပြင် မြန်မာ့အားကစား အဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် တစ်မျိုးသားလုံးက အားပေးချီးမြှောက်နေသည့် အချိန်အခါတွင် နိုင်ငံ့ကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ရခြင်းနှင့် ပြိုင်ပွဲတိုင်းအနိုင်ရရှိအောင် ကြိုးစားရခြင်းသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အားကစားသမားများအားလုံး၏ ပခုံးထက်မှာ ကျရောက်နေသည်ဆိုသည်ကို သိရှိထားရန် လိုအပ်ကြောင်း။

တစ်ဖက်တွင်လည်း နိုင်ငံတကာအားကစားပြိုင်ပွဲများမှ အောင်မြင်မှုများစွာ ရနိုင်အောင် စွမ်းဆောင်နိုင်ခြင်းသည် မိမိနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအဆင့်အတန်းနှင့် အမျိုးသားဂုဏ်သိက္ခာမြင့်မားထည်ဝါမှုကို ထင်ဟပ်ဖော်ပြနိုင်သည်ဆိုသည့် ခံယူချက်ဖြင့် မြန်မာ့အားကစားမြှင့်တင်ရေးကို အားပေးဆောင်ရွက်နေကြသည်ပင်ဖြစ်ကြောင်း။

ထို့အပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံမှ အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် **“မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့”** ဆိုသည့် ရည်မှန်းချက်ဖြင့် အားကစားကဏ္ဍကို စနစ်တကျအစီအမံများချမှတ်ပြီး နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ရိုးသားကြိုးစား ယှဉ်ပြိုင်အနိုင်ယူအောင်နိုင်မှု ရလဒ်ကောင်းများဖြင့် ဖော်ထုတ်ပြသကြရမည် ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရနှင့်တကွ အားကစားအဖွဲ့ချုပ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အားကစားဝါသနာရှင်၊ စေတနာရှင် အလှူရှင်၊ မိဘပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၏ အားကစားမြှင့်တင်ရေးအပေါ် ငွေအားလူအားသာမက စိတ်ဓာတ်ရေးရာအားဖြင့် အဘက်ဘက်က အားပေးမှုများသည်လည်း မည်သည့်ခေတ်၊ မည်သည့်ကာလနှင့်မျှ သူမတူအောင် အားရဂုဏ်ယူဖွယ်ရာ တွေ့မြင်နေရမည်ဖြစ်ကြောင်း။

ဤသို့ အဘက်ဘက်က အားပေးချီးမြှောက်ပါမှလည်း မြန်မာ့အားကစားလက်ရွေးစင်များ အားကစားအောင်နိုင်ရေး အခြေခံလိုအပ်ချက်များဖြစ်သည့် ခန္ဓာကိုယ်ကြံ့ခိုင်မှု၊ အာဟာရပြည့်ဝမှု အားကစားကို စိတ်အေးချမ်းစွာ အာရုံစူးစိုက်လေ့ကျင့်နိုင်မှု၊ အဆင့်မီအားကစားပစ္စည်း၊ ကိရိယာများဖြင့် လေ့ကျင့်နိုင်မှု၊ အားကစားနည်းအလိုက် ဦးဆောင်နေသည့်နိုင်ငံများ၌ သွားရောက်လေ့ကျင့်နိုင်ပြီး ပြိုင်ပွဲအတွေ့အကြုံများရရှိလာမှု စသည့်အခြေခံကောင်းများကို ပြည့်ပြည့်စုံစုံ ရရှိနိုင်ကြမည် ဖြစ်ကြောင်း။

ယခုလာမည့် (၂၆)ကြိမ်မြောက်နှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အောင်မြင်မှုရရှိရေးအတွက် ယခုကဲ့သို့ အောင်နိုင်ရေးရန်ပုံငွေများ ထည့်ဝင်လှူဒါန်းပေးခဲ့ကြသည့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင် စေတနာရှင်ပြည်သူများ၊ အားကစားဝါသနာရှင်များအားလုံးကိုလည်း နိုင်ငံတော်၏ကိုယ်စား အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါကြောင်း၊ ထို့အပြင် နိုင်ငံ့ဂုဏ်ဆောင် အောင်မြင်မှုများစွာ ရရှိလာနိုင်ကြမည့် အားကစားသမားလူငယ် မောင်/မယ်များကို နိုင်ငံတော်မှ ထိုက်ထိုက်တန်တန် ပြန်လည် ဂုဏ်ပြုချီးမြှင့်သည့်အခါတွင်လည်း ယခုကဲ့သို့ပင် အင်တိုက်အားတိုက်ဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ကြသူများအဖြစ် ဆက်လက်ပါဝင်အားပေးသွားကြပါဟု အလေးအနက် တိုက်တွန်းမှာကြားပါကြောင်းဖြင့် ပြောကြားသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံ Road to Ayeyarwaddy Co.,Ltd. မှ ဦးဌေးမြင့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်မှုရရှိရေးအတွက် ငွေကျပ် သိန်း ၅၀၀ ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် အားကစားဝန်ကြီးဌာနအနေဖြင့် ရေတိုရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်နေမှု အခြေအနေ၊ အားကစားကွင်း၊ အားကစားရုံအသစ်များ တိုးချဲ့တည်ဆောက်ခြင်းနှင့် လက်ရှိအားကစားကွင်း၊ အားကစားရုံများကို အဆင့်မြှင့်တင်ပေးလျက်ရှိသည့်အခြေအနေ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးအတွက် အလားအလာရှိသည့် အားကစားသမားများအား စခန်းသွင်း၍ ပြည်တွင်း၊ ပြည်ပနည်းပြများဖြင့် ကြိုးစားလေ့ကျင့်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်မှုရရှိရေးအတွက် အလှူရှင်များဖြစ်ကြသော ဇေကမ္ဘာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့်ဇနီး၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် Asia World Company ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်နှင့်ဇနီး၊ Original Group ဥက္ကဋ္ဌ ဦးသာဌေးနှင့်ဇနီး ၊ အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် ဇနီး၊ ဒိုင်းမွန်းမာကျူရီဥက္ကဋ္ဌ ဦးစိန်လွင်နှင့်ဇနီး၊ TZTM Co.,Ltd. ဥက္ကဋ္ဌ ဦးသက်လင်းနှင့် ဇနီး၊ W.E.G မှ ဦးဝင်းနိုင်နှင့်ဇနီး၊ Road to Ayeyarwaddy Co.,Ltd. မှ ဦးဌေးမြင့်နှင့်ဇနီး၊ A.C.E ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းနှင့်ဇနီး၊ ဘောဂသိဒ္ဓိစားသောက်ဆိုင်မှ ဦးစံကိုကိုတင့်ဆန်းနှင့် ဇနီး၊ Golden Hill စားသောက်ဆိုင်(နေပြည်တော်)မှ ဦးထင်ကျော်လင်းနှင့်ဇနီး၊ A.C.E ဆောက်လုပ်ရေးလုပ်ငန်း မန်နေဂျင်းဒါရိုက်တာ ဦးဇော်မိုးဝင်းနှင့်ဇနီး၊ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဇော်နိုင်နှင့် Max Myanmar Co.,Ltd. ဒုတိယဥက္ကဋ္ဌ ဦးအုန်းကျော်တို့က ငွေကျပ် သိန်း ၅၀၀ စီကို ပေးအပ်လှူဒါန်းကြရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ရွှေသံလွင်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် ဇနီးတို့က ငွေကျပ်သိန်း ၄၀၀၊ Aircon ကုမ္ပဏီမှ ဦးဟန်ကြည်နှင့်ဇနီးတို့က ငွေကျပ်သိန်း ၃၀၀၊ Jade Palace စားသောက်ဆိုင် (သပြေကုန်း)မှ ဦးချမ်းသာနှင့်ဇနီး၊ မြန်မာနိုင်ငံ ကြက်တောင်ရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဂရိတ်ဝေါလ် မြန်မာဆောက်လုပ်ရေး ကုမ္ပဏီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့် ဇနီး၊ ဦးစိုးနိုင်နှင့်ဇနီး၊ Golden Flower Co.,Ltd. မှ ဦးအောင်ထွေးနှင့်ဇနီးတို့က ငွေကျပ်သိန်း ၂၀၀ စီ၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့်ဇနီး၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့်ဇနီး၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့်ဇနီး၊ သော်တာဝင်း ကုမ္ပဏီမှ ဦးစိုင်းဖိလစ်ရီနှင့်ဇနီး၊ City Golf Resort Hotel & Nature Link Travel & Tour Co.,Ltd. မှ ဦးစိုင်းခမ်းလှိုင်၊ အိုလံပစ်ဟိုတယ်မှ ဦးသောင်းထိုက်မင်း၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် ဒေါက်တာအောင်မြတ်ကျော်တို့က ငွေကျပ်သိန်း ၁၀၀ စီ အပါအဝင် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယနေ့ ကျင်းပသည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်မှုရရှိရေးအတွက် မြန်မာ့အားကစားအောင်နိုင်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင်များက စုစုပေါင်း အလှူငွေကျပ်သိန်း ၉၆၃၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဧည့်သည်တော်များသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် ၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်ထံ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက ငွေကျပ် သိန်း ၄၀၀ ကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၆-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလာသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ “သူ့အတွက်ကိုယ့်အတွက် ဘယ်သူ့အတွက်” တရားတော်
- ၆း၃၅ အလောင်းတော်ကဿပ လိုဏ်ဂူတော်
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၃၉)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၉၇)**
- ၈း၅၀ အေးချမ်းသာယာအင်းတကော် စိတ္တာသုခမဟာမြိုင်သိမ်ကုန်း ကျောင်းမှာ
- ၉း၀၅ အရည်အသွေးမြင့်မားသော နည်းပညာမှသည် Giant Elevator & Escalator ဆီသို့
- ၉း၂၀ နည်းပညာမျှဝေလို့ သစ်မွေးထုတ်လုပ်စို့
- ၉း၃၅ Sunday Talk (အတ္တကျော်၊ မျိုးမြတ်သူ)
- ၁၀း၁၀ ရန်ကုန်မြင်ကွင်းကျယ်
- ၁၀း၃၀ ဗီဒီယိုပြခန်း
- ၁၀း၅၅ ဈေးဝယ်လမ်းညွှန်
- ၁၁း၂၅ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည်အခမ်းအနား
- ၁၁း၅၀ ဘဘ ဗိုလ်ကလေးတင့်အောင်၏ (၈၉)နှစ်မြောက်မွေးနေ့မင်္ဂလာ
- ၁၂း၁၀ Sports Diary
- ၁၂း၄၀ ကျန်းမာရေးနှင့်အညီ သီဟအောင်“ဆီ”
- ၁း၀၀ “သူ့အတွက်ကိုယ့်အတွက် ဘယ်သူ့အတွက်” တရားတော်
- ၁း၄၅ ကံကူထွန်ရှခေါင် ပိတ်ချင်းမြောင်
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း
- ၃း၂၅ မန္တလာမြေမှ ရွှေမင်းသမီး
- ၃း၄၀ ရင်သွေးငယ်များရဲ့အနာဂတ် အတွက်စိတ်ချယုံကြည်ခိုင်မာ စေသည့်. . . SDEC
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၉၇)**
- ၄း၅၅ FMF Selection
- ၅း၃၀ ဂဏန်းသင်္ချာပျော်စရာ
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Global Panorama
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၄၀)**
- ၇း၂၅ သွားမယ်စားမယ်
- ၇း၄၅ စင်ကာပူနိုင်ငံရဲ့ငှက်မျိုးစုံကို တွေ့မြင်နိုင်တဲ့ JURONG BIRD PARK
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Kid's Show
- ၉း၁၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၉၈)**
- ၁၀း၂၀ ပရိုးမီးယားလိဂ်ရင်ခုန်သံ အားလုံးပါဝင်ဆောင်ရွက်စို့
- ၁၀း၄၅ လူကုန်ကူးမှုတိုက်ဖျက်စို့
- ၁၀း၅၅ ဟိုတယ်လမ်းညွှန်
- ၁၁း၃၀ ငှက်ပြတိုက်
- ၁၁း၄၀ Box Office Movies(300)
- ၁၂း၁၀ သူဌေးကျွန်းနှင့် Ecotourism
- ၁၂း၃၅ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ
- ၁း၀၀ ဝင့်ကြွားအားမာန် “ကတိုက်”တမံ
- ၁း၀၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
- ၁း၃၅ နေရောင်ခြည်မှသည် လျှပ်စစ်စွမ်းအင်ဆီသို့
- ၁း၅၀ နုယဉ်ဆန်းထွင်ပန်းအလှဆင်
- ၂း၂၅ အလှဆင်စရာပရိဘောဂကမ္ဘာ
- ၂း၄၀ ဆန်းသစ်အလှတိုးရွှေချည်ထိုး
- ၃း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၀၀ သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော် ကျိုက်တလန်းစေတီတော်
- ၄း၃၀ ပန်းပေါင်းစုံ ပွင့်ထုံကြိုင်သင်း. . . မြို့ကျောက်မဲ၏ ဂုဏ်သတင်း
- ၄း၄၅ ထူးထူးခြားခြား ပဲခူးမြို့မှ မြွေဘုရား
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အတည်ပြုချိန် ၁၂း၀၀

✧ ကျောက်စိမ်း၊ ကျောက်မျက်မှ

အရည်အသွေးကောင်းမွန်မှုကို ကမ္ဘာ့ဈေးကွက်တွင် မည်သည့်နိုင်ငံကမျှ မယှဉ်နိုင်ပေ။ မြန်မာ့ကျောက်စိမ်းကို အများဆုံး လာရောက်ဝယ်ယူသည့် တရုတ်နိုင်ငံ၌ပင် နက်ဖရိုက်ကျောက်စိမ်းသာ ထွက်ရှိသည်။ အလားတူ ကမ္ဘာပေါ်တွင် တောင်ပင်လယ်ပုလဲ (South Sea Pearl) ထုတ်လုပ်ထွက်ရှိသည့် နိုင်ငံ လေးနိုင်ငံအနက် မြန်မာ့ပုလဲကိုမူ နိုင်ငံခြားသားများက ပိုမိုကြိုက်နှစ်သက်ကြသည်။

ထို့ကြောင့်ပင် ၁၉၆၄ ခုနှစ်မှစ၍ မြန်မာနိုင်ငံမှထွက်ရှိသည့် ကျောက်မျက်



ပြသရောင်းချပေးမည့် ၄၉ ဒသမ ၂၅ ကရက်ရှိ နီလာဂေါ်ကြီးကြီး။

ရတနာများကို ကျောက်မျက်ရတနာပြပွဲများကျင်းပ၍ ရောင်းချပေးခဲ့သည်။ ထိုစဉ်က နိုင်ငံခြားသားများကိုသာ နိုင်ငံခြားငွေဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်သည်။ ပြပွဲကိုလည်း တစ်နှစ်လျှင် တစ်ကြိမ်သာ ကျင်းပပေးခဲ့ပြီး နောက်ပိုင်းတွင် တစ်နှစ်လျှင် နှစ်ကြိမ် တိုးမြှင့်ရောင်းချပေးခဲ့သည်။

၁၉၉၂ ခုနှစ်မှစတင်၍ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများကို ပုဂ္ဂလိကကုမ္ပဏီများသို့ တူးဖော်ထုတ်လုပ်ခွင့်ပေးခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ပြဋ္ဌာန်း၍ နိုင်ငံသားများအား ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရောင်းချခွင့်ပြုခဲ့သည်။ အလားတူ ၁၉၉၇ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် (၃၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲမှ စတင်၍ နိုင်ငံသားများအား ဝယ်ယူခွင့်ပြုခဲ့ရာ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ ရောင်းချရမှုမှာ ပိုမိုတိုးတက်လာခဲ့သည်။ ထို့ကြောင့် ကျောက်မျက်ရတနာပြပွဲကို ၂၀၀၄ ခုနှစ်မှစတင်၍ တစ်နှစ်လျှင်သုံးကြိမ် ကျင်းပနိုင်ခဲ့သည်။

ယင်းသို့ကျင်းပရာတွင် ပြပွဲများကို ရန်ကုန်မြို့ရှိ အင်းလျားကန်ဟိုတယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမနှင့် မြန်မာကွန်ဗင်းရှင်းစင်တာတို့၌ ကျင်းပခဲ့ရာမှ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ(၂၀၁၀ ခုနှစ် နိုဝင်ဘာလ)မှစ၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ စတင်ကျင်းပခဲ့သည်။ ပြီးခဲ့သည့် မတ်လကလည်း (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်၌ ကျင်းပခဲ့ပြီးဖြစ်ရာ ယခုကျင်းပမည့် ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲအထူးရောင်းချပွဲမှာ နေပြည်တော်တွင် တတိယအကြိမ်အဖြစ် ကျင်းပမည့်ပွဲပင် ဖြစ်သည်။

ယခုအထူးရောင်းချပွဲကို ဇူလိုင် ၁ ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပုလဲကို ဇူလိုင် ၂ ရက်နှင့် ၃ ရက်တို့တွင်လည်းကောင်း၊ ကျောက်မျက်ရတနာများကို ဇူလိုင် ၄ ရက်တွင်လည်းကောင်း တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။ ကျောက်စိမ်းကိုမူ ဇူလိုင် ၃ ရက်မှ ၉ ရက်အထိ တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ဇူလိုင် ၁၀ ရက်မှ ၁၃ ရက်အထိ ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း ရောင်းချမည်ဖြစ်ကြောင်း သိရှိရသည်။

ရောင်းချပေးမည့် ကျောက်မျက်ရတနာများမှာ ကျောက်စိမ်းအရိုင်း၊ သွေးပြီးကျောက်စိမ်းအချောများ၊ ကျောက်မျက်ရတနာ အရိုင်းများနှင့် သွေးပြီး ရတနာအချောများ၊ ပုလဲလုံးများ၊ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲတို့ဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများ၊ ကျောက်စိမ်းနှင့် ဆင်တူသောကျောက်များ၊ အင်ကြင်းကျောက်(Fossil) အရိုင်းနှင့် အချောထည်များ၊ ရုပ်တုရုပ်ထွင်းများ၊ ပုံဆောင်ခဲများ၊ ကျောက်ကပ်ပန်းချီကားများနှင့် ငွေထည်ပစ္စည်းများ စသည်တို့ဖြစ်ပြီး နိုင်ငံခြားသားနှင့် ပြည်တွင်းရတနာကုန်သည်များအား ရောင်းချပေးမည်ဖြစ်သည်။

ယင်းသို့ ရောင်းချရာတွင် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတို့နှင့်အတူ မြန်မာ့ပုလဲဥပဒေနှင့်အညီ ပုလဲမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုမိန့်ရယူလုပ်ကိုင်နေသော ကုမ္ပဏီများ၊ မြန်မာ့ကျောက်မျက်

မဏိရတနာကျောက်စိမ်းခန်းမဝင်းအတွင်း ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားမှုကို တွေ့ရစဉ်။

ရတနာဥပဒေများနှင့်အညီ ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းကို ခွင့်ပြုမိန့် ရယူလုပ်ကိုင်နေသော ပုဂ္ဂလိက၊ ကုမ္ပဏီနှင့် သမဝါယမအသင်းများ၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေများနှင့်အညီ ရတနာအရောင်းဆိုင်ဖွင့်လှစ်၍ ရတနာပစ္စည်းရောင်းချခြင်း လုပ်ငန်းလိုင်စင်ရရှိထားသူများနှင့် ကျောက်မျက်ရတနာတင်ပို့ခြင်းလုပ်ငန်း လိုင်စင်ရယူထားသော ပုဂ္ဂလိက၊ ကုမ္ပဏီနှင့် သမဝါယမအသင်းများက ပါဝင်ပြသရောင်းချကြမည် ဖြစ်သည်။

အထူးရောင်းချပွဲကျင်းပမည့် မဏိရတနာကျောက်စိမ်းခန်းမကြီး၏ ပင်မအဆောက်အအုံသည် 3 Storeyed RC & Steel Structure Building အမျိုးအစားဖြစ်ပြီး မြေအောက်ထပ်၊ မြေညီထပ်နှင့် ပထမထပ်တို့ပါဝင်သည်။ ခန်းမအတွင်း၌ ဧည့်ကြိုခန်း၊ ပြပွဲခန်းမ၊ စာချုပ်ချုပ်ဆိုခန်း၊ ကျောက်စိမ်းခင်းကျင်းရန်နေရာ၊ ကျောက်မျက်ခင်းကျင်းရန်နေရာနှင့် ပုလဲခင်းကျင်းရန်နေရာတို့ကို စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားသည်။ ကျောက်စိမ်းခန်းမတည်ရှိသည့် မြေဧရိယာ၏ အကျယ်အဝန်းမှာ ၂၁ ဒသမ ၄၂ ဧက ရှိသည်။ ပြသရောင်းချမည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို အဆိုပါ မဏိရတနာကျောက်စိမ်းခန်းမ၌ ခင်းကျင်းနေရာချထားလျက်ရှိသည်။

အထူးရောင်းချပွဲကို အောင်မြင်စွာကျင်းပနိုင်ရန်အတွက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပရေး ဗဟိုကော်မတီသည် တည်းခိုနေထိုင်ရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ကျောက်စိမ်း ဆပ်ကော်မတီ၊ ကျောက်မျက် ဆပ်ကော်မတီ၊ ပုလဲဆပ်ကော်မတီနှင့် စီမံရေးရာဆပ်ကော်မတီစသည်တို့ကို ဖွဲ့စည်းကာ စနစ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းကလည်း ပူးပေါင်းပါဝင် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါ ဆပ်ကော်မတီများက အထူးရောင်းချပွဲသို့ လာရောက်ကြမည့် ပြည်ပမှ ရတနာကုန်သည်များ နေပြည်တော်တွင် သွားလာနေထိုင်စားသောက်မှုတို့အတွက် အစစအရာရာ အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးသွားမည့်အပြင် အထူးရောင်းချပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြန်ကြားရေး၊ ဆက်သွယ်ရေးနှင့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကိုလည်း ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ ထို့အပြင် အထူးရောင်းချပွဲကာလတွင် ဆပ်ကော်မတီအသီးသီးအနေဖြင့် ၎င်းတို့နှင့် သက်ဆိုင်သည့်လုပ်ငန်းများကို လွယ်ကူလျင်မြန်ချောမွေ့စွာဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ယာယီရုံးခန်းများကိုလည်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ရတနာကုန်သည်များ သွားလာမှုအဆင်ပြေစေရေးအတွက် ဗန္ဓုလ သယ်ယူပို့ဆောင်ရေးမှ ပါရမီအငှားယာဉ်များ လာရောက်ပြေးဆွဲပေးမည် ဖြစ်သည်။ ထို့အတူ အဆင်ပြေချောမွေ့စွာ တည်းခို နေထိုင်နိုင်ရေးအတွက် နေပြည်တော်ရှိ ဟိုတယ် ၂၃ ခုတွင် အခန်းပေါင်း ၁၆၀၀ ကျော် ကြိုတင်စီစဉ်ထားပြီး ဟိုတယ်များရှိ စားသောက်ခန်းမများနှင့် စားသောက်ဆိုင် ၃၀ ကျော် ဖွင့်လှစ်၍ လူဦးရေ ၅၀၀၀ ကျော် တစ်ပြိုင်တည်း စားသောက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြပွဲတွင် ကျောက်စိမ်းအတွဲများ စုစုပေါင်း တန်ဖိုးအများဆုံး ဝယ်ယူသည့် ရတနာကုန်သည်၊ ကျောက်မျက်အတွဲများ စုစုပေါင်း တန်ဖိုးအများဆုံး ဝယ်ယူသည့် ရတနာကုန်သည်နှင့် ပုလဲအတွဲများ စုစုပေါင်း တန်ဖိုးအများဆုံးဝယ်ယူသည့် ရတနာကုန်သည်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။

၂၀၁၁ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ယခင်ပြပွဲများကထက် ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ ပိုမိုလာရောက်ခဲ့ကြသကဲ့သို့ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကိုလည်း အပြိုင်အဆိုင် ဈေးပေးဝယ်ယူခဲ့ကြသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပရေး ဗဟိုကော်မတီသည် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့် ပေါင်းစပ်ညှိနှိုင်းကာ မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို တစ်ပွဲထက်တစ်ပွဲ ပိုမိုတိုးတက်အောင်မြင်အောင် ကျင်းပပေးနိုင်ခဲ့သည်။ ယခုကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကြီးကိုလည်း ယခင်ပြပွဲများထက် ပိုမို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပေရာ ယခုကျင်းပမည့် အထူးရောင်းချပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို လာရောက်ဝယ်ယူကြမည့် ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ၏ တည်းခိုနေထိုင်ရေး၊ သွားလာရေး၊ စားသောက်ရေးစသည်တို့ကို ယခင်ကထက် ပိုမိုအဆင်ပြေ ချောမွေ့မှုရှိစေရေးအတွက် တာဝန်ရှိသူများအနေဖြင့် အဘက်ဘက်က ပြည့်စုံကောင်းမွန်အောင် ကြိုတင်စီစဉ် ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

❄ ကျောဖုံးမှ

တရားသူကြီးများသည် ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟဟူသည့် အဂတိတရား(၄)ပါး၊ မျက်နှာတံစိုး၊ ဥစ္စာတံစိုး၊ မေတ္တာတံစိုးဟူသည့် တံစိုး(၃)ပါးတို့ကို ရှောင်ရှားပြီး အမှန်တရားကို ရဲရဲဝံ့ဝံ့ ဖော်ထုတ်ဆုံးဖြတ်ကြရန်၊ စည်းကမ်းထိန်းသိမ်းရေးကိစ္စနှင့် စပ်လျဉ်း၍ မိမိကိုယ်တိုင်နှင့် လက်အောက်ဝန်ထမ်းများကို စည်းကမ်းထိန်းသိမ်းပေးကြရန်၊ မတော်မတရားပြုလုပ်လိုသူများ၏ အသုံးချမှုကို မခံရအောင် အထူးသတိပြုဆောင်ရွက်ကြရန်၊ တရားသူကြီးကောင်း၊ နိုင်ငံ့ဝန်ထမ်းကောင်း တစ်ယောက်ဖြစ်အောင် ကြိုးစားသွားကြရန် မှာကြားခဲ့သည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော် တပ်ကုန်းမြို့နယ်တို့၌ ဆေးရုံများနှင့် သင်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၈

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ဇွန် ၁၄ ရက် နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့ရှိ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်း၊ ဒေသကြီး(၅)နှင့် ခုတင်(၅၀)ဆံ့ မျက်စိရောဂါ အထူးကုဆေးရုံကြီးသို့ သွားရောက်၍ ပြင်ပလူနာဌာနရှိ မျက်စိစမ်းသပ်ခန်း၊ Microscope အသုံးပြုမှု၊ မျက်ခမ်းစပ်ရောဂါနှင့် စပ်လျဉ်း၍ ကျန်းမာရေးအသိပညာပေးအခန်းကဏ္ဍ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ဆေးရုံကြီးကြပ်မှုကော်မတီဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံခဲ့သည်။

ယင်းနောက် ကျောက်ဆည်ပြည်သူ့ဆေးရုံကြီးကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံကြီးခန်းမဆောင်၌ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ပူးပေါင်းကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ မြစ်သားမြို့နယ် ကူမဲတိုက်နယ်ဆေးရုံ၊ မိတ္ထီလာ အထွေထွေရောဂါကုဆေးရုံကြီးနှင့် မိတ္ထီလာမြို့ သူနာပြုသင်တန်းကျောင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ရမည်းသင်းခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် တပ်ကုန်းပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဟောပြောပွဲကို ဇွန် ၉ ရက်က ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အထက(၂) စံပယ်ခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးလုပ်ငန်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးလုပ်ငန်းအဖွဲ့ ညွှန်ကြားရေးမှူး(ငြိမ်း) ဦးစိန်မြင့် ပညာပေးဟောပြောစဉ်။ (ကြေးမုံ)

တောင်ကြီးတက္ကသိုလ် နှစ်(၅၀)ပြည့် ရွှေရတုပွဲ ကျင်းပမည်

တောင်ကြီး ဇွန် ၁၈

ရှမ်းပြည်နယ် ဥပစာကောလိပ်မှ တောင်ကြီးတက္ကသိုလ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့သည့် (၁၉၆၁-၂၀၁၁)၏ နှစ်(၅၀)ပြည့် ရွှေရတုပွဲကို ဩဂုတ် ၁၄ ရက်မှ ၁၇ ရက်ထိ တောင်ကြီးတက္ကသိုလ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ၎င်းကာလများအတွင်းတွင် ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများနှင့် လက်ရှိတာဝန်ထမ်းဆောင်ဆဲ တက္ကသိုလ်ဆရာ၊ ဆရာမများက ဇွန် ၈ ရက် မွန်းလွဲ ၁ နာရီတွင် တက္ကသိုလ်မဟာရုံ၌ ညှိနှိုင်းစည်းဝေးခဲ့ကြသည်။

ထိုအစည်းအဝေးတွင် ၁၉၇၄ ကျောင်းသားဟောင်း သင်္ချာဌာန ပါမောက္ခ/ဌာနမှူး ဦးသန်းဌေးက ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော ရွှေရတုပွဲကျင်းပရေးဦးစီးကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းခဲ့ပြီး ဆွမ်းဆက်ကပ်လှူဒါန်းပွဲ၊ အာစရိယပူဇော်ပွဲ၊ မိတ်ဆုံစားပွဲနှင့် စာတမ်းဖတ်ပွဲများကို တောင်ကြီးတက္ကသိုလ်၌ ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။ ပွဲတော်အား အဝေးရောက် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်နိုင်ပါရန်နှင့် စီးပွားရေးကြော်ငြာများနှင့်အလှူငွေများ လှူဒါန်းပေးပို့လိုပါက ဦးသန်းဌေး (ဌာနမှူး၊ သင်္ချာဌာန) ဖုန်း-၀၉-၅၀၂၀၁၃၉၊ ဒေါက်တာဒေါ်ကျင်အေး (ဌာနမှူး၊ ဓာတုဗေဒဌာန) ဖုန်း-၀၉-၅၂၀၂၉၄၁၊ ဒေါက်တာမေရီသိမ်း(ဌာနမှူး၊ ရူပဗေဒဌာန) ဖုန်း-၀၉-၅၂၅၁၃၉၁၊ ဦးစံလင်း (သိပ္ပံပုံနှိပ်တိုက်) ဖုန်း-၀၉-၅၁၁၈၄၄၅၊ ဦးအုန်းဖေ ဖုန်း-၀၉-၅၂၀၂၅၅၄၊ ဦးညီညီရွှေ ဖုန်း-၀၉-၅၃၅၀၆၀၆ နှင့် ဒေါ်ဝါဝါကြည် ဖုန်း-၀၉-၅၁၂၅၄၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ထူးခြားဖြစ်စဉ် ပြည်တွင်းသတင်းများ

လယ်ထွန်နေစဉ် မိုးကြိုးပစ်ခံရ

စစ်ကိုင်း ဇွန် ၁၈

စစ်ကိုင်းမြို့နယ် ကိုင်းပြင်ကျေးရွာတွင် လယ်ယာလုပ်ငန်း လုပ်ကိုင်နေသည့် ရွာသားတစ်ဦးမှာ ဇွန် ၆ ရက် နံနက်က မိုးကြိုးပစ်ခံရပြီး သေဆုံးသွားကြောင်း သိရသည်။ ဖြစ်စဉ် မှာ ကိုင်းပြင်ကျေးရွာနေ ပေါ်ဦး (ဘ) ဦးဖိုးတင် (၂၇)နှစ် သည် ရွာအရှေ့ဘက် လေးဖာလုံခန့်အကွာရှိ ကွင်းအမှတ် (၈၆၁)တွင် လယ်ထွန်နေစဉ် ရုတ်တရက် မိုးသည်းထန်စွာ ရွာသွန်းစဉ် မိုးကြိုးပစ်ခံရပြီး ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ (၂၂၅)

ကျောင်းကုန်းမြို့နယ်အတွင်း လေဆင်နှာမောင်း တိုက်ခတ်

ကျောင်းကုန်း ဇွန် ၁၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု သုံးအုပ်စုမှ ကျေးရွာများတွင် ဇွန် ၁၄ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်မှ ၁၂ နာရီ ၁၅ မိနစ်ခန့်ထိ လေဆင်နှာမောင်းတိုက်ခတ်ခဲ့ရာ ကျောင်းကုန်းမြို့နယ် ဇရပ်ဆိပ်ကျေးရွာအုပ်စုရှိ သရက်ပင်ကြီး (သရက်ပင်ဆိပ်) ကျေးရွာ၊ ဒေါင့်ကွေးကျေးရွာအုပ်စုရှိ ဘီးလင်းကျေးရွာ၊ ဒိုးတန်းကျေးရွာအုပ်စုရှိ ဒိုးတန်းကျေးရွာတို့မှ အိမ် ၁၉ လုံးနှင့် နွားတင်းကုပ် လေးလုံးပါ ကာလတန်ဖိုး ၃၃၉၀၀၀၀ ပျက်စီးဆုံးရှုံးသွားသည်။

အဆိုပါကျေးရွာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်နှင့် တာဝန်ရှိသူများ သွားရောက်၍ လိုအပ်သည်များကို ဆောင်ရွက်ပေးကြကြောင်း သိရသည်။ (၃၆၅)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အတည်ပြုချိန် ၁၂း၃၅

ပြည်တွင်း အားကစားသတင်းများ

ပြည်တွင်း အားကစားသတင်းများ ပြည်တွင်း အားကစားသတင်းများ

(၁၅)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၁၈

၂၀၁၁ခုနှစ် (၁၅)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းနေရာယူပြီး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူထံသို့ ယမန်နှစ်ချန်ပီယံအမျိုးသား၊ အမျိုးသမီး (ရန်ကုန်တိုင်းဒေသကြီးအသင်း)တို့က ဒိုင်းဆုကြီးများ ပြန်လည်အပ်နှံကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်စား အတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးက အဖွင့်အမှာစကား ပြောကြားကာ **(အပေါ်ပုံ)**ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီးနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြပြီး ပြိုင်ပွဲဝင်အားကစားအသင်းများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုကြကာ ပထမနေ့ပြိုင်ပွဲများ ဆက်လက်ကျင်းပခဲ့သည်။

(သတင်းစဉ်)

၂၀၁၁ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇွန် ၁၈

၂၀၁၁ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများအဖြစ် ရေကူး၊ စားပွဲတင်တင်းနစ်၊ ဘော်လီဘော၊ ခရစ်ကက်နှင့် ဘတ်စကက်ဘောပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ သက်ဆိုင်ရာ အားကစားစခန်းများ၌ ကျင်းပသည်။

အိုလံပစ်နေ့ အထိမ်းအမှတ် ရေကူးပြိုင်ပွဲများကိုကျင်းပရာ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများတွင်မီတာ(၂၀၀) တစ်ဦးချင်းလေးမျိုးကူးနှင့် အလွတ်ကူးပြိုင်ပွဲ၊ မီတာ(၁၀၀) ပက်လက်ကူး၊ ရင်ပေါင်တန်းကူး၊ လိပ်ပြာကူးနှင့် အလွတ်ကူးပြိုင်ပွဲများကိုလည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး မီတာ(၅၀) ပက်လက်ကူး၊ရင်ပေါင်တန်းကူး၊ လိပ်ပြာကူးနှင့် အလွတ်ကူးပြိုင်ပွဲများကိုလည်းကောင်း ကျင်းပပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချိုမောင်နှင့် အမှုဆောင်များက ဆုများချီးမြှင့်ကြသည်။

အလားတူ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်က စားပွဲတင်တင်းနစ်ပြိုင်ပွဲများကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းနှင့် ဟိုတယ်ခရီးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်တို့က စားပွဲတင်တင်းနစ်ဘောလုံးကို ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး အသက်(၁၈)နှစ်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲနှင့် အသက်(၁၂)နှစ်အောက် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲများ ကျင်းပပြီး အောင်နိုင်ဆု ရရှိသူများအား မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်၊ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့မှ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ပဏာမရွေးချယ် လေ့ကျင့်ပေးထားသော အမျိုးသား၊ အမျိုးသမီး အားကစားသမားများက အိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲ လက်ရည်စမ်း သရုပ်ပြကစားကြပြီး သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတကာ သတင်းဂျာနယ်

» **လွန်းထိန်လင်း၏** အမေရိကန်နိုင်ငံရောက် မာယန်တို့၏ သလင်းဦးခွံ "မက်စ်" » **TZH ၏** တောင်တရုတ်ပင်လယ်တွင် ဗီယက်နမ်ရေတပ်လေ့ကျင့်မှုစတင် » **မောင်မောင်အေး၏** အမေရိကန် အထက်လွှတ်တော်ဝက်ဘ်ဆိုက်ကို ဟက်ကာများဝင်နှောင့် » **လွန်းထိန်လင်း၏** ပါကစ္စတန်တောင်ပေါ်သူ ဖြစ်သွားသော ဂျပန်အမျိုးသမီးတစ်ဦး » **မောင်မောင်အေး၏** အမျိုးသမီးများအတွက် ဘေးအန္တရာယ် အရှိဆုံးနိုင်ငံ ဖြစ်လာသည့် အာဖဂန်နစ္စတန် » **မောင်မောင်အေး၏** လွန်ခဲ့သည့် နှစ် ၄၀ က ပေါက်ကြားခဲ့သည့် "ပင်တဂွန်မှတ်တမ်းများ" လျှို့ဝှက်အဆင့်ပယ်ဖျက် » **ငြိမ်းမောင်၏** ကမ္ဘာမြေအောက်မှ ထူးဆန်းသော မြို့တော်ကြီးများ၏ ဒဏ္ဍာရီ » **တိုးသာ၏** မငြိမ်းချမ်းနိုင်သေးသော ဆူဒန် » **ဒေါက်တာ ခင်မောင်ညို၏** ထူးခြားလာတဲ့ ကမ္ဘာ့စီးပွားရေးအသွင်အပြင်နဲ့ ပတ်သက်၍ စသည့် စသည့် မဖတ်မဖြစ် ဖတ်ရမည့် နိုင်ငံတကာ သတင်းများ၊ နိုင်ငံတကာ ဆောင်းပါးများ၊ နိုင်ငံတကာ သုံးသပ်ချက်များ၊
ပြည်တွင်းသတင်းထွေလာနှင့် နိုင်ငံတကာအားကစားသတင်းများပါမကျန်
ပြည့်ပြည့်စုံစုံ ဖတ်ရှုရမည်။

ထွက်ပြီ

အားကစားမြှင့်တင် စိတ်လန်းရွှင်

ဆန့်ကျင်မှူးယစ်ဆေး

နိုင်ငံတကာ အားကစားသတင်းများ

၂၀၁၁-၂၀၁၂ ဘောလုံးရာသီအဖွင့်တွင် လက်ရှိချန်ပီယံနှင့် ဝက်စ်ဘရွန်းတို့ ဆုံတွေ့မည်

လန်ဒန် ဇွန် ၁၈

၂၀၁၁-၂၀၁၂ ဘောလုံးရာသီ၏ ပရီမီယာလိဂ်ပွဲစဉ်များကို ဩဂုတ် ၁၃ ရက် (စနေနေ့)တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

အဆိုပါပရီမီယာလိဂ်အဖွင့်ပွဲစဉ်တွင် လက်ရှိချန်ပီယံ မန်ယူအသင်းသည် ဝက်စ်ဘရွန်းအသင်းနှင့် အဝေးကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ကျန်အသင်းကြီးများတွင် ချယ်လ်ဆီးက စတုတ်စီးတီးနှင့် အဝေးကွင်း၊ အာဆင်နယ်က နယူးကာဆယ်နှင့် အဝေးကွင်း၊ လီဗာပူးက ဆန်းဒါးလန်းနှင့် အိမ်ကွင်းတို့တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပွဲစဉ်(၂)တွင် မန်ယူက စပါးနှင့် အိမ်ကွင်း၊ ချယ်လ်ဆီးက ဝက်စ်ဘရွန်းနှင့် အိမ်ကွင်း၊ အာဆင်နယ်က လီဗာပူးနှင့် အိမ်ကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပွဲစဉ်(၃) တွင် မန်ယူက အာဆင်နယ်နှင့် အိမ်ကွင်း၊ ချယ်လ်ဆီးက တန်းတက်နော့ဝစ်ချ်နှင့် အိမ်ကွင်း၊ လီဗာပူးက ဘော်လ်တန်နှင့် အိမ်ကွင်း စသည်ဖြင့် အသီးသီး ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ESPN။

ခရစ္စတီယမ်ဇာပက်တာ လီဗာပူးသို့ရောက်ဖွယ်ရှိ

လန်ဒန် ဇွန် ၁၈



လီဗာပူးသို့ ရောက်ဖွယ်ရှိနေသည့် ခရစ္စတီယမ်ဇာပက်တာ။

လီဗာပူးအသင်းသည် လာမည့်နှစ်ဘောလုံးရာသီတွင် အောင်မြင်မှုများ ပြန်လည်ရရှိရေးအတွက် အသင်းကို ပြုပြင်ပြောင်းလဲမှုမြောက်မြားစွာ ပြုလုပ်ရန် ရည်ရွယ်ထားသည်။ ရှေ့၊ လယ်၊ နောက် နေရာစုံဖြည့်တင်းမှုပြုလုပ်ရမည့် လီဗာပူးအသင်းသည် ယခုအချိန်တွင် အီတလီ စီးရီးအေကလပ် အူဒီးနိစ်အသင်း၏ နောက်ခံကစားသမား ခရစ္စတီယမ်ဇာပက်တာကိုခေါ်ယူရန် အလွတ်သဘောတူညီမှုရရှိထားပြီဟု သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ အူဒီးနိစ်နောက်ခံကစားသမား ဇာပက်တာက ပြောကြားရာတွင် "ကျွန်တော်ဘာပြောရမှန်းတောင် မသိတော့ပါဘူး။ ကျွန်တော်ပြောနိုင်တာ တစ်ခုကတော့ လီဗာပူးအသင်းမှာ ကစားချင်တယ် ဆိုတာပါပဲ"ဟု La FM သို့ ပြောကြားသွားသည်။ ၎င်းကပင် ဆက်လက်၍ "ကျွန်တော့်ရဲ့အနာဂတ် ဘာဖြစ်လာမယ်ဆိုတာ ကိုပါအမေရိကပြိုင်ပွဲပြီးမှ ကွဲကွဲပြားပြား သိရမှာပါ"ဟု ပြောကြားသည်။ ထို့ပြင် ဇာပက်တာက မိမိတွင် အတွေ့အကြုံအများကြီးရှိထားပြီးဖြစ်ကြောင်း၊ သို့အတွက်ကြောင့် အသင်းကြီးတစ်သင်းသင်းသို့ ပြောင်းရွှေ့ကစားလိုကြောင်း ထပ်မံပြောကြားခဲ့သည်။

ESPN။

အေဗရာမိုဗစ်ချ်ကို နောက်ကောက်ချနိုင်ရန် မော်ရင်ဟိုကြိုးပမ်း

ဆန်းတို့စ်အသင်းတိုက်စစ်မှူး နေမာ။

မက်ဒရစ် ဇွန် ၁၈

ရီးယဲလ်မက်ဒရစ် အသင်းနည်းပြ ဟိုဆေးမော်ရင်ဟိုသည် ချယ်လ်ဆီး အသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်ကို နောက်ကောက်ချနိုင်ရေးအတွက် ဆန်းတို့စ် တိုက်စစ်မှူး နေမာကို ခေါ်ယူရန် ကြိုးပမ်းလာမှုမှာ အောင်မြင်တော့မည်ဟု သိရသည်။

ချယ်လ်ဆီးပိုင်ရှင် အေဗရာမိုဗစ်ချ်က အသက်(၁၉)နှစ်ရှိ ဘရာဇီးသား နေမာကို ပေါင်သန်း ၃၀ ပေးရန်သာ ဆန္ဒရှိနေသော်လည်း မော်ရင်ဟိုကမူ အဆိုပါကစားသမားကို ယူရို ၄၅ သန်း (ပေါင် ၃၉ ဒသမ ၅ သန်း)ပေး၍ ခေါ်ယူမည်ဟု ဝက်ဘ်ဆိုက်တစ်ခုက ဖော်ပြထားသော်လည်း The Sun ကမူ ပေါင်သန်း ၄၀ ပေး၍ ခေါ်ယူမည်ဟု ဖော်ပြထားသည်။

ဘရာဇီးကြယ်ပွင့် နေမာကို ရီးယဲလ်မက်ဒရစ်နှင့် ချယ်လ်ဆီးတို့အပြင် ဘာစီလိုနာအသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေသည်။ လက်ရှိအချိန်တွင် နေမာကို ခေါ်ယူနိုင်ရေး ရီးယဲလ်မက်ဒရစ်နှင့် ချယ်လ်ဆီးတို့ အပြိုင်ကြိုးပမ်း နေကြသော်လည်း ကာယကံရှင် နေမာကမူ မည်သည့်အသင်းသို့သွားမည်ကို မဆုံးဖြတ်ရသေးကြောင်း ထုတ်ဖော်ပြောကြားလာသည်။

The Sun။

ဟန်သစ်

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ရထားမောင်းနေစဉ် ခဲဖြင့်ပစ်ပေါက်သူ အလုပ်နှင့်ထောင်ခုနစ်နှစ် ပြစ်ဒဏ်ချမှတ်ခံရ

တောင်တွင်းကြီး ဇွန် ၁၈

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် သရက်ခုံကျေးရွာနေ ဖိုးခွား(ခ)သိန်းရွှေအား မီးရထားကို ခဲဖြင့်ပေါက်မှုအရ ဇွန် ၁၇ ရက်တွင် တောင်တွင်းကြီးမြို့နယ်တရားရုံးက ပြစ်မှုထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၅ ရက် မွန်းလွဲ ၂ နာရီ ၄၄ မိနစ်တွင် တောင်တွင်းကြီးမြို့နယ် ကုက္ကိုကုန်းဘူတာမှ ရုံပိုင် ဦးမောင်မောင်ဆွေက နေပြည်တော်-ပျဉ်းမနား-တောင်တွင်းကြီး-မြို့သစ်-နတ်မောက်-ကျောက်ပန်းတောင်း အမှတ်(၁၀၂)အစုန်စာပို့ရထား ကုက္ကိုကုန်းဘူတာသို့ဆိုက်ရောက်ပြီး ဘူတာမှပြန်လည်ထွက်ခွာစဉ် ဖိုးခွား(ခ)သိန်းရွှေ (၄၅)နှစ် (ဘ)ဦးတင်စိန် သရက်ခုံကျေးရွာနေသူက ရထားကို ခဲဖြင့် ပစ်ပေါက်သဖြင့် အမည်မသိခရီးသည်အမျိုးသမီးအား ထိမှန်ခဲ့၍ ဥပဒေအရ အရေးယူပေးပါရန် တရားလိုပြုလုပ်တိုင်တန်းခဲ့ခြင်းဖြစ်သည်။ ကုက္ကိုကုန်းရဲစခန်းမှ (ပ)၃၄/၂၀၁၁ မီးရထားအက်ဥပဒေ ပုဒ်မ ၁၂၇ အရ အရေးယူပြီး တောင်တွင်းကြီးမြို့နယ် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားရုံးမှ ပြစ်မှုကြီးအမှတ် ၄၃၉/၂၀၁၁ ဖြင့် လက်ခံကြားနာစစ်ဆေးခဲ့ပြီး ပြစ်မှုထင်ရှားသဖြင့် တရားခံဖိုးခွားအား အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်ခြင်းဖြစ်သည်။ (၁၂၈)

ဂိမ်းဆိုင်များမှ စက်ဘီးများခိုးသူ ဖမ်းဆီးအရေးယူ

ရန်ကုန် ဇွန် ၁၈

မန္တလေး အမှတ်(၃)ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မေ ၂၀ ရက် နံနက် ၉ နာရီခွဲတွင် လှည့်ကင်းဆောင်ရွက်နေစဉ် မန္တလေးမြို့ လမ်း(၃၀) ၇၀×၇၁ ကြားလမ်းမပေါ်၌ အစိမ်းရောင်ဖီးဆင့်အမျိုးအစား မိန်းမစီးစက်ဘီး တစ်စီးနှင့် မသင်္ကာဖွယ်တွေ့ရှိရသူ နေမျိုးထွန်း(ခ)ရွှေနိုင်းနိုင်းအား သက်သေများရှေ့တွင် ခေါ်ယူစစ်ဆေးခဲ့ရာ နေမျိုးထွန်းက စက်ဘီးအား ပိုင်ဆိုင်ကြောင်း ခိုင်လုံစွာ ပြောဆိုနိုင်ခြင်းမရှိသဖြင့် စက်ဘီးကို သိမ်းဆည်းပြီး မန္တလေး အမှတ်(၃) ရဲစခန်းက ဥပဒေနှင့်အညီ အမှုဖွင့်စစ်ဆေးခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ နေမျိုးထွန်းသည် ယခင်ကလည်း မန္တလေးမြို့ပေါ်ရှိ ဂိမ်းဆိုင်များမှ စက်ဘီးခြောက်စီးကို တစ်ကိုယ်တော်ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ယင်းခိုးယူခဲ့သည့် စက်ဘီးများအား သက်သေများနှင့်အတူ ပြန်လည်သိမ်းဆည်းခဲ့ပြီး မဟာအောင်မြေမြို့နယ်နေ နေမျိုးထွန်း(ခ)ရွှေနိုင်းနိုင်းအား သက်ဆိုင်ရာရဲစခန်းက ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ရီရီမြင့်)

စင်ကာပူဖိတ်ခေါ် ရှုံး/ထွက်ပြိုင်ပွဲတွင် ဥသာယူနိုက်တက် နောက်တစ်ဆင့်တက်

ရန်ကုန် ဇွန် ၁၈

စင်ကာပူဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် စင်ကာပူဖိတ်ခေါ်ဖလား ရှုံး/ထွက် ဘောလုံးပြိုင်ပွဲကို ယမန်နေ့ညနေပိုင်းက စင်ကာပူနိုင်ငံ၌ ကျင်းပရာ မြန်မာနိုင်ငံကိုယ်စားပြု ဥသာယူနိုက်တက်အသင်းက နောက်တစ်ဆင့်တက်လှမ်းသွားနိုင်ခဲ့သည်။

ဥသာယူနိုက်တက် အသင်းသည် ထိုင်းကလပ်ပတ္တရားယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဥသာအတွက် အနိုင်ဂိုးများကို အောင်မိုးနှင့် လစ်ပီလစ်ပီတို့က ပထမပိုင်းတွင် သွင်းယူခဲ့ပြီး ပတ္တရားယူနိုက်တက်အတွက် ချေပဂိုးကို ပွဲပြီးခါနီး ရှစ်မိနစ်အလိုတွင် သွင်းယူခဲ့ကြောင်းသိရသည်။

ဥသာယူနိုက်တက် အသင်းသည် ၂၀၁၀ MFF Cup ရှုံး/ထွက်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သောကြောင့် ယင်းပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ (ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

တရားစီရင်ရေးသည် ပြည်သူအချင်းချင်း၏ ပဋိပက္ခ၊ အရှုပ်အထွေးကို ဖြေရှင်းပေးရန်ဖြစ် အဂတိတရား(၄)ပါးနှင့် တံစိုး(၃)ပါးတို့ကို ရှောင်ရှား၊ အမှန်တရားကို ရဲရဲဝံ့ဝံ့ ဖော်ထုတ်ဆုံးဖြတ်

ရန်ကုန် ဇွန် ၁၈

ဥပဒေအရာတွင် နိုင်ငံသားအားလုံး တန်းတူခံစားခွင့်ရရှိအောင် အကာအကွယ်ပေးသွားမည်ဖြစ်ပြီး တရားရေးမဏ္ဍိုင်ကိုလည်း ခိုင်ခံ့အောင် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရားသူကြီးများ၊ တရားရေး အရာရှိများနှင့် တရားရုံးအမှုထမ်းများအားတွေ့ဆုံပြီး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုတရားသူကြီးချုပ်က တရားစီရင်ရေးသည် ပြည်သူအချင်းချင်း၏ ပဋိပက္ခ၊ အရှုပ်အထွေးပြဿနာကို ပြေလည်အောင် ဖြေရှင်းပေးရန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ လုံခြုံချမ်းမြေ့ရေးကို ဖြစ်ထွန်းစေရန် ရည်သန်ကြောင်း၊ မှန်ကန်ခြင်း၊ မျှတခြင်း၊ တည်ငြိမ်ခြင်း၊ လေးနက်ခြင်းတို့သည် တရားစီရင်ရေး၏အင်အားပင် ဖြစ်ကြောင်း။

တရားသူကြီးများ၊ တရားရေးအရာရှိများ၊ တရားရုံးအမှုထမ်းများအနေဖြင့် တရားစီရင်ရေးမဏ္ဍိုင် မယိမ်းယိုင်ရအောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရန်၊ **စာမျက်နှာ ၉ ကော်လံ ၅ သို့**❇

ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိနေ

နေပြည်တော် ဇွန် ၁၈

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိနေသည်။

ကုန်းတွင်းမုန်တိုင်းငယ်၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ မကြာမီ ကျင်းပမည်

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲကျင်းပမည့် မဏိရတနာကျောက်စိမ်းခန်းမ။

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ ➢ ရန်ကြီးအောင်

မဏိရတနာကျောက်စိမ်းခန်းမ။

နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး တည်ရှိသည်။ ကြီးမားကျယ်ပြန့်ပြီး ခမ်းနားထည်ဝါလှသည့် အဆောက်အအုံကြီးဖြစ်သည်။ အဆိုပါ မဏိရတနာကျောက်စိမ်းခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို နှစ်ကြိမ်တိုင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ မကြာမီကာလတွင်လည်း ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲကြီးကို ကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေကြပါသည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါကြွယ်ဝသည့်နိုင်ငံဖြစ်သည့်အားလျော်စွာ ကျောက်မျက်ရတနာများလည်း အလျှံပယ်ထွက်ရှိသည်။ ကျောက်မျက်ရတနာများအနက် မြန်မာ့ကျောက်စိမ်း၊ ပတ္တမြားနှင့် နီလာတို့မှာ ကမ္ဘာပေါ်တွင် အရည်အသွေးအကောင်းဆုံး ရတနာများဖြစ်သဖြင့် နိုင်ငံခြားသားများ အထူးနှစ်ခြိုက်ကြသည်။ ကျောက်စိမ်းတွင် ဂျေဒိုက်ကျောက်စိမ်း (Jadeide - Jade) နှင့် နက်ဖရိုက် (Nephrite-Jade) ဟူ၍ နှစ်မျိုးရှိသော်လည်း ဂျေဒိုက်ကျောက်စိမ်းကိုသာလျှင် ကျောက်စိမ်းအဖြစ် သတ်မှတ်ထားသည်။ မြန်မာ့ဂျေဒိုက်ကျောက်စိမ်းသည် ကမ္ဘာပေါ်တွင် အရည်အသွေးအကောင်းဆုံး၊ အလှပဆုံးနှင့် အဖိုးအတန်ဆုံး ကျောက်စိမ်းအမျိုးအစားဖြစ်သည်။ မြန်မာ့ကျောက်စိမ်း၏ **စာမျက်နှာ ၉ ကော်လံ ၁ သို့**✧